ကြေးမုံ The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ စနေနေ့၊ (13-5-2006) (၄၉၅၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

စာကြည့်တိုက်များတွင် စာအုပ် စာပေများ စဉ်ဆက်မပြတ် လှေ့လာဖတ်ရှုနိုင်ရေးအတွက် စာအုပ် စာပေများ များပြားပြည့်စုံလာစေရန်၊ အဆောက်အအုံများ တည်တံ့တိုးတက်စေရန် ပူးပေါင်းဆောင်ရွက်

ရန်ကုန် မေ ၁၂

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပဲခူးတိုင်းတစ်ခုလုံး တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းနှင့် စာပေဒါန အလှူငွေ၊ ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမဥ္စကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်၍ ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားပြီး စာအုပ်စာပေ၊ စာပေဒါန အလှူငွေနှင့် ပစ္စည်းများကို လက်ခံကြသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အသင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ တောင်ငူမြို့ပေါ်ရှိ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုထံ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူရှင်တစ်ဦးက လှူဒါန်းငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်တစ်ဦးက လှူဒါန်းငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ မိုးလေဝသ

၁၃-၅-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၃-၅-၂၀၀၆
(စနေနေ့)

မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ် ရာသီအလိုက်သီးနှံများ ကြိုးပမ်းစိုက်ပျိုး

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေး၊ တောင်သူလယ်သမားများအပါအဝင် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်က လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် မြေယာသစ်များ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေး၊ သီးနှံများ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ သီးနှံစိုက်စွမ်းအား တိုးတက်စေရေးနှင့် လေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးတို့အတွက် လိုအပ်ချက်များကို အခါမလပ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသတစ်ခုချင်းအနေဖြင့်ကြည့်ပါက စိုက်ပျိုးရေးလုပ်ငန်းသည် စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေးအတွက်သာမက ဒေသ၏စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးနှင့် ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် အထောက်အကူပြုလျက်ရှိသည်ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် ဒေသအလိုက် သဘာဝအခြေခံကောင်းများကို အပြည့်အဝအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်သွားကြရမည်ဖြစ်သည်။

ပဲခူးတိုင်းသည် ရေမြေရာသီဥတုကောင်းမွန်သော ဒေသဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားပြီး စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အားထားရသော တိုင်းတစ်တိုင်းဖြစ်သည်။

၂၀၀၅-၂၀၀၆ ခုနှစ် စိုက်ပျိုးရာသီတွင် ပဲခူးတိုင်း၌ မိုးစပါးဧက ၂၈သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးကိုလည်း စိုက်ပျိုးခဲ့သည်။ ယခု ၂၀၀၆-၂၀၀၇ ခုနှစ်တွင် နွေစပါးဧကလေးသိန်းနှင့် မိုးစပါးဧကနှစ်သိန်းတိုးချဲ့၍ ပဲခူးတိုင်းတစ်တိုင်းလုံး၌ မိုးစပါးဧက သိန်း ၃၀ ပြည့်မီစွာစိုက်ပျိုးသွားမည်ဖြစ်ရာ မိုးရာသီအမီ လိုအပ်ချက်များကို ကြိုတင်စီမံထားကြရမည်ဖြစ်သည်။

တိုင်းအတွင်း ဒေသ၏ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းအောင်မြင်နေသည့် ပဲမျိုးစုံ၊ မြေပဲ၊ နှမ်း၊ နေကြာစသည့် ဆီထွက်သီးနှံများနှင့်ကြံ၊ အစေ့ထုတ်ပြောင်း၊ ငရုတ်စသည့်သီးနှံများကို ပိုမိုစိုက်ပျိုးသွားကြရမည်ဖြစ်သည်။ မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်၍ ရာသီအလိုက်သီးနှံများ၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်းဖြင့် တောင်သူလယ်သမားများ၏ဝင်ငွေတိုးတက်မြင့်မားလာမည်ဖြစ်သည်။

မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးခြင်းကို တောင်သူလယ်သမားများသာမက တပ်ရင်းတပ်ဖွဲ့များပါ လုပ်ကိုင်လျက်ရှိသည်။ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်က တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စုနှင့် ဒိုးအင်းကျေးရွာအုပ်စုအကြားတွင် မြေလွတ်မြေရိုင်းဧက ၂၀၀၀ ကျော်ကျယ်ဝန်းသည့် ကေတုမတီဘက်စုံသီးနှံစိုက်ကွင်းကို ဖော်ထုတ်လုပ်ကိုင်လျက် ရှိသည်။ အဆိုပါဘက်စုံသီးနှံစိုက်ကွင်းတွင် ကြံဧက ၉၀၀ ကျော်နှင့် စပါးဧက ၄၀၀ ကျော်တို့ကို စိုက်ပျိုးထားပြီး နှစ်ရှည်ပင်များနှင့် အခြားသီးနှံများလည်း ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် မြေကောင်းမြေညံ့မရွေး ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်များကိုလည်း ဒေသအတွင်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသည်။ ပဲခူးတိုင်း၌ သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင်ဧကငါးသိန်းစိုက်ပျိုးရေးအတွက် တပ်ရင်းတပ်ဖွဲ့များသာမက ဌာနဆိုင်ရာများနှင့် ပြည်သူများကလည်းတက်တက်ကြွကြွ ပါဝင်စိုက်ပျိုးလျက်ရှိသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးဆိုင်ရာ အားပေးပံ့ပိုးမှုများနှင့်အညီ မြေလွတ်မြေရိုင်းများတိုးချဲ့ဖော်ထုတ်ပြီး မိုးစပါး၊ နွေစပါးသာမက ဒေသ၏ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် ရာသီအလိုက်သီးနှံများနှင့် ခြံစည်းရိုးကြက်ဆူပင်များကို ကြိုးပမ်းစိုက်ပျိုးသွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာသံ့ဃာရုပ်ရှင်တော်မြတ် အပူဇော်ခံမည်

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘိုကုန်းရပ်ကွက် မဟာသံ့ဃာရ ကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူသော မဟာသံ့ဃာရုပ်ရှင်တော်မြတ်ကြီးသည် ခုနှစ်ရက်သားသမီးများ ဖူးမြော်ကြည်ညိုနိုင်ရန် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၅၄)ရပ်ကွက်၊ လှော်ကားလမ်းမကြီးအမေ့သားထိုက်စာပေတိုက်၏ ဗုဒ္ဓမ္မ သံဃပူဇာ ခန်းမတွင် မေ ၁၅ ရက် ညနေ ၃ နာရီမှ မေ ၁၇ ရက် မွန်းလွဲ ၂နာရီအထိ အပူဇော်ခံမည်ဖြစ်ရာ မည်သူမဆို ဖူးမြော်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ပြန်တမ်း

ရန်ကုန် မေ ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။ (သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း (က)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင်ပထမရရှိသည့် သစ်တော(က)အသင်းအား ဆုငွေကျပ်နှစ်သိန်းနှင့် ဂုဏ်ပြုဒိုင်းဆုချီးမြှင့်စဉ်။ (၁၉)

ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် မေ ၁၂

၂၀၀၆ခုနှစ် ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ယနေ့ညနေ ၅နာရီက သိမ်ဖြူတင်းနစ်ကွင်းရှိ မိုးလုံလေလုံတင်းနစ်ပြိုင်ကွင်း၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ ဆုများကိုချီးမြှင့်သည်။

၂၀၀၆ခုနှစ် ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲဆုပေးပွဲအခမ်းအနားတွင် အသက်(၁၂)နှစ်အောက် အမျိုးသမီးပြိုင်ပွဲ၊ အသက်(၁၄)နှစ်အောက် အမျိုးသမီးပြိုင်ပွဲ၊ အသက်(၁၄)နှစ်အောက် လက်ရွေးစင်အဆင့် အမျိုးသမီးပြိုင်ပွဲ၊ အသက်(၁၀)နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အသက်(၁၂)နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အသက်(၁၄)နှစ်အောက် အမျိုးသားပြိုင်ပွဲနှင့် သက်ကြီးတန်း အမျိုးသားခုနစ်ဦးပါ(ခ)အဆင့်အသင်းလိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အနိုင်ရရှိသူများကို ဆုများအသီးသီးချီးမြှင့်သည်။

အောင်ပွဲရအားကစားသမားများအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမျိုးသားသက်ကြီးတန်း(က) အဆင့် ငါးဦးပါ အသင်းပထမရရှိသည့် အသင်းနှင့် ဒုတိယရရှိသည့်အသင်းများအား ဆုများချီးမြှင့်သည်။

(က)အဆင့် အသင်းလိုက်ပြိုင်ပွဲ ပထမရရှိသည့် သစ်တော(က)အသင်းအား ကျပ်နှစ်သိန်း၊ ဒုတိယရရှိသည့် မြို့တော်စည်ပင်အသင်းအား ကျပ်တစ်သိန်းငါးသောင်း၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ ပထမရရှိသည့် WINNER (A)အား ကျပ်နှစ်သိန်း၊ ဒုတိယရရှိသည့် မြို့တော်စည်ပင်အားကျပ်တစ်သိန်းငါးသောင်း၊ တတိယ ပူးတွဲရရှိသည့် TACCO (A) နှင့် TACCO (B)အား ကျပ်ငါးသောင်းစီ ချီးမြှင့်သည်။ အခြားသက်ငယ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ကျပ်နှစ်သောင်း၊ ဒုတိယ ကျပ်တစ်သောင်း ချီးမြှင့်သည်။

ယခု ဒုတိယအကြိမ် မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ သံရုံးဝန်ထမ်းတစ်ဦး၏သား အသက်ကိုးနှစ်အရွယ် GLEB SVISTIN ဝင်ရောက်ယှဉ်ပြိုင်ရာ အသက် ၁၀ နှစ်အောက် (အမျိုးသား)ပြိုင်ပွဲ၌ ပထမရရှိသည်။ (၁၉)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒ ဟောပြောပို့ချ

ရန်ကုန် မေ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၈)မှသင်တန်းသား၊ သင်တန်းသူ ၁၀၀တို့အား အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဟောပြောပို့ချသည်။ (သတင်းစဉ်)

မေ၁၁ရက်(ကဆုန်လပြည့်နေ့)က တာမွေမြို့နယ် ကျောက်မြောင်းအထက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရပ်ကွက်အတွင်းရှိ အသက်(၇၅)နှစ်အထက် အဘိုး၊ အဘွားများ ပူဇော်ကန်တော့ပွဲကို ကျောက်မြောင်းကျောင်းတိုက်ကြီးအတွင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဇနီးဒေါ်နွယ်နွယ်အေးနှင့် ရပ်ကွက်အတွင်းမှ လူမှုရေးအသင်းအဖွဲ့ဝင်များက အဘိုးသောကြာ ဦးမောင်ကလေးအား ကန်တော့ပစ္စည်းပေးအပ်စဉ်။ (ကြေးမုံ)

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အံ့ကြီးအနောက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမကြီး ကျောက်ခင်းလမ်းဖွင့်ပွဲကို မေ၅ရက်ကကျင်းပရာ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ အံ့ကြီးအနောက်ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၅၂၉)

အထက (၃) ပုသိမ် အာစရိယပူဇော်မည်

ရန်ကုန် မေ ၁၂

အထက (၃) ပုသိမ် ယခင် ABM, BBM ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ပုသိမ်မြို့ အထက (၃) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၈၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

ဆရာကြီး၊ ဆရာမကြီးများနှင့် ကုသိုလ်ပါဝင်လိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးကျော်ကျော်ဝင်း ဖုန်း ၀၉-၅၀၀ ၆၁၂၈၊ ဦးစိုးဟန်လင်း ဖုန်း ၀၉-၈၀၂၃၃၀၇၊ ဦးနိုဝယ်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ပုသိမ်အသင်း (ရန်ကုန်) ဖုန်း ၃၇၉၂၅၈၊ ဦးဝင်းချို ယင်းမာဓာတ်ပုံတိုက် (ပုသိမ်) ဖုန်း-၀၄၂-၂၂၆၇၉ နှင့် ဆရာမဒေါ်ခင်ငြိမ်းအေး ဖုန်း-၀၄၂-၂၁၁၆၄ တို့ထံ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

အငြိမ်းစားတို့ စကားဝိုင်း (၁၄)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ ၁/၂၀၀၆ကို ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့တွင် လားရှိုးမြို့၌လည်းကောင်း၊ ၂/၂၀၀၆ကို ဖေဖော်ဝါရီလ ၂၁ရက်နေ့တွင် လားရှိုးမြို့၌ လည်းကောင်း၊ ၃/၂၀၀၆ကို ဧပြီလ၉ရက်နေ့တွင် ရန်ကုန်မြို့၌ လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

သတင်းစာရှင်းလင်းပွဲ ၁/၂၀၀၆တွင် SSA(တောင်ပိုင်း)မှ သံချောင်း(ခ) စဝ်ခွန်ကျော်ဦးစီးသည့် တပ်မဟာ(၂၄၁)တပ်ဖွဲ့ဝင်များ လက်နက်ချ အလင်းဝင်ရောက်ခြင်း၊ ဖမ်းဆီးရမိခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။ သတင်းထောက်များ၏ မေးမြန်းချက်များကို SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်ရင်းမှူးအဆင့်ရှိ စိုင်းဘုန်း(ခ)ဘုန်းတင့်၊ တပ်ခွဲမှူးအဆင့်ရှိ စိုင်းထူး၊ တပ်ကြပ်ကြီးအဆင့်ရှိ စိုင်းထွန်းကျော်၊ တပ်ကြပ်အဆင့်ရှိ ခိုင်ဝင်းတို့နှင့် အနိုပ်စက်ခံပြည်သူများကိုယ်စား ဆီလူးကျေးရွာမှ ဦးခွန်မောင်ငယ်နှင့် ဦးခွန်အောင်တို့၏ ပြန်လည်ဖြေကြားချက်များအရ ရွက်ဆစ်ဦးစီး SSA(တောင်ပိုင်း)ရှိ ခေါင်းဆောင်များ မိန်းမလိုက်စားမှု၊ အဓမ္မပြုကျင့်မှု၊ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းနှင့်စိတ်ကြွဆေးပြားများ ထုတ်လုပ်ရောင်းချနေမှု၊ ရွာရိုကလေးများ အပါအဝင် အမျိုးသားများကို အဓမ္မဖမ်းဆီးခေါ်ယူ လူသစ်စုဆောင်းမှု၊ ရွာများကို မီးရှို့ဖျက်ဆီးမှု၊ အပြစ်မဲ့ပြည်သူများကိုသတ်ဖြတ်မှု၊ အကြမ်းဖက် အဖျက်လုပ်ရပ်များကို လုပ်ဆောင်နေမှု၊ ငွေတုများပြုလုပ်သုံးစွဲမှု၊ ဆက်ကြေးအမျိုးမျိုးကို အတင်းအဓမ္မကောက်ခံမှုစသည့် မကောင်းမှုမှန်သမျှ လုပ်ဆောင်ခဲ့မှု၊ လုပ်ဆောင်နေမှုများကို ထပ်မံကြားသိခဲ့ရပါသည်။

သတင်းစာရှင်းလင်းပွဲ ၂/၂၀၀၆ တွင်မူ ယခင် ABSDF သောင်းကျန်းသူ ယခု SSA (တောင်ပိုင်း) သောင်းကျန်းသူ သံချောင်း(ခ)စဝ်ခွန်ကျော်၏ လူသားအချင်းချင်းအပေါ် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့သည့် ရာဇဝတ်မှုများ၊ ABSDF သောင်းကျန်းသူအဖွဲ့၏ နိုင်ငံနှင့် ပြည်သူလူထုအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။ သတင်းထောက်များ၏ မေးမြန်းချက်အရ သံချောင်း(ခ) စဝ်ခွန်ကျော်အဖွဲ့၏ ညှဉ်းပန်းနှိပ်စက်မှုကို ကိုယ်တွေ့ခံစားခဲ့ရသူ ABSDF အလင်းဝင်များ၊ သံချောင်း၏ လူသတ်မှုနှင့် ရာဇဝတ်ပြစ်မှုများကို ကိုယ်တိုင်တွေ့ရှိခဲ့သူ ABSDF အလင်းဝင်များနှင့် SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ အလင်းဝင်သူ၊ အဖမ်းခံရသူများ၊ ရန်ကုန်မြို့လူစည်ကားရာ နေရာသုံးနေရာ၌ ဗုံးဖောက်ခွဲမှုကို ကြိုးကိုင်စီစဉ်ဆောင်ရွက်ခဲ့သူ ပြည်ပြေး NDD သိန်းဝင်း၏ အမာခံတစ်ဦးဖြစ်သူ ယုန္တတ်(ခ)အောင်ချိုဦးတို့က ၎င်းတို့ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရမှုများအား ရှင်းလင်းပြောကြားသွားခဲ့သည်ကို ထပ်မံ ကြားသိခဲ့ရပြန်ပါသည်။

သတင်းစာရှင်းလင်းပွဲ ၃/၂၀၀၆တွင် NCUB, NCGUB, KNU, FTUB, ABSDF, NLD(LA), NDD, DPNS, SSA(S),VBSW စသည့် အကြမ်းဖက်သမား သောင်းကျန်းသူအဖွဲ့များ တစ်ကျိတ်တည်း၊ တစ်ဉာဏ်တည်း ပူးပေါင်းပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးအောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များကို လက်ရဲဇက်ရဲ ကျူးလွန်နေခြင်းနှင့် စပ်လျဉ်း၍ လူသက်သေအပါအဝင် သက်သေအထောက်အထားများဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့ပြင် အလုပ်သမားရေးရာကို ဇန်းပြခုတုံးလုပ်ပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များကို နောက်ကွယ်က ကြိုးကိုင်စီစဉ်နေသော FTUBအတွင်းရေးမှူး မောင်မောင် (ခ) ပြည်သစ်ညွှန့်ဝေနှင့် အပေါင်းပါများကို ILO စင်မြင့်မှာ ပွဲထုတ်ပြီး နိုင်ငံရေးအရ လုပ်ကြံတိုက်ကွက်ဆင်နေပုံများကိုပါ အသေးစိတ်ရှင်းလင်းသွားခဲ့သည်ကို ကြားသိခဲ့ရပါသည်။

ထိုကိစ္စရပ်များနှင့် ပတ်သက်၍ ကျွန်တော်တို့ အငြိမ်းစားတစ်သိုက် ဆုံမိကြချိန်တွင် စကားဝိုင်းဖွဲ့ဆိုခဲ့ကြပါသည်။

"၂၀၀၆ခုနှစ် သတင်းစာရှင်းလင်းပွဲတွေမှာ သောင်းကျန်းသူ အကြမ်းဖက်အဖျက်သမားတွေ ကျူးလွန်လုပ်ဆောင်နေတဲ့ တိုင်းဆူပြည်ဖျက်လုပ်ရပ်မျိုးစုံနဲ့ ပြည်သူတွေအပေါ် အကြမ်းဖက်ဖောက်ခွဲသတ်ဖြတ်မှုလုပ်ရပ်တွေကို သက်သေအထောက်အထားတွေနဲ့ အသေးစိတ်ရှင်းလင်း ပြောကြားပြသခဲ့တာ တွေ့ရတယ်"

"အေးဟ၊ ငါကတော့ SSA (တောင်ပိုင်း)က စဝ်ခွန်ကျော်ဦးစီးတဲ့ သောင်းကျန်းသူ တပ်မဟာ(၂၄၁)ကို ပြည်သူတွေက လက်မခံဘဲ တပ်မတော်ကို သတင်းပေး ပူးပေါင်းပါဝင်လုပ်ဆောင်ခဲ့ကြလို့ အလင်းဝင်တဲ့သူကဝင်၊ အဖမ်းခံရသူက အဖမ်းခံရနဲ့ တစ်ဖွဲ့လုံးက တစ်ယောက်မှ လွတ်မထွက်နိုင်တော့တဲ့ သတင်းကို ကြားသိခဲ့ရတာ အားအရဆုံးပဲဟေ့။ ငြိမ်းချမ်းရေးအသီးအပွင့်တွေကို ခံစားနေရတဲ့ ပြည်သူတွေအနေနဲ့ ဘယ်သောင်းကျန်းသူကိုမှ လက်မခံတော့တာကို အထင်အရှားပြသလိုက်တာပဲလို့ ဆိုရမယ်"

"ဟုတ်ပ၊ အရင်တစ်ချိန်က KNU တွေ မြစ်ဝကျွန်းပေါ်ဒေသကို ပြန်လည်အခြေချဖို့ ထိုးဖောက်ဝင်ရောက်လာကြတာ ဘယ်ပြည်သူကမှ လက်မခံဘဲ တပ်မတော်နဲ့ ပူးပေါင်းချေမှုန်းခဲ့လို့ တစ်ယောက်မကျန် အားလုံးကို ချေမှုန်းဖမ်းဆီးနိုင်ခဲ့တဲ့ သာဓကလဲရှိတယ်"

"ဘယ်ပြည်သူကမှ သောင်းကျန်းသူတွေကို လက်မခံချင်ကြဘူး။ အခုလက်ကျန်သောင်းကျန်းသူတွေအနေနဲ့ တစ်ဖက်နိုင်ငံမှာ ခွထိုင်ပြီး နေနိုင်တာရယ်၊ ငပွကြီးရဲ့ အစီအစဉ်နဲ့ လက်ဝေခံအဖွဲ့တွေက နည်းမျိုးစုံနဲ့ ကူညီပေးကမ်း ထောက်ပံ့ထားတာရယ်၊ နယ်စပ်က ပြည်သူတွေကို အကြောက်တရားနဲ့ ခြိမ်းခြောက်ချုပ်ကိုင်ထားတာရယ် စတာတွေကြောင့် ရပ်တည်နေနိုင်တာပါ"

"ပြည်တွင်းသောင်းကျန်းမှု စတင်ပေါ်ပေါက်လာကတည်းက နိုင်ငံနဲ့ လူမျိုးအတွက် ကောင်းကျိုးဆိုလို့ ဘာတစ်ခုမှ လုပ်ခဲ့ကြတာ မရှိဘူးလေ။ အစိုးရက တည်ဆောက်၊ သောင်းကျန်းသူကဖျက်ဆီးနဲ့ တပ်မတော်အစိုးရ မတိုင်ခင်အထိ ဘယ်အစိုးရကမှ နိုင်ငံတော် တည်ဆောက်ရေးကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့တာ မတွေ့ရဘူး"

"ရထားလမ်း၊ ကားလမ်းတွေမှာ မိုင်းထောင်ဖျက်ဆီး၊ ဓားပြတိုက်လုယက်ကြတာတို့၊ ပြည်သူလူထုထံက ဆက်ကြေးကောက် အဓမ္မဖမ်းဆီး လူသစ်ခေါ်တာတို့၊ မှောင်ခိုလုပ်ငန်းကိုအားပေးပြီး အခွန်ကောက်

ဟိန်းမြင့်

တာတို့၊ ဘိန်းနဲ့စိတ်ကြွဆေးပြားတွေ ထုတ်လုပ်ရောင်းချတာတို့၊ အဖိုးတန် သစ်တွေနဲ့ ကျောက်မျက်ရတနာတွေကို ခိုးထုတ်ရောင်းစားတာတို့၊ လမ်း တံတားတွေနဲ့ တာဝါတိုင်တွေကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတာတို့၊ ရွာတွေကိုမီးရှို့ပြီး အတင်းရွှေ့ပြောင်းခိုင်းတာတို့၊ မိန်းကလေးတွေကို ဖမ်းဆီးအဓမ္မပြုကျင့်ပြီး နောက်ဆုံးတစ်ဖက်နိုင်ငံမှာ ရောင်းစားတာတို့ စတဲ့ အဖျက်လုပ်ရပ်တွေနဲ့ နိုင်ငံတော်နဲ့ပြည်သူလူထုအပေါ် အမြဲအန္တရာယ် ပေးနေခဲ့ကြတာကို ဘယ်လိုမှ မေ့လို့မရနိုင်ဘူး"

"တိုက်ပွဲဖြစ်ပွားရာဒေသက နယ်မြေခံပြည်သူတွေဆိုရင် ပိုခံစားရတာပေါ့ကွာ။ မထင်ရင်မထင်သလို၊ သဘောမတွေ့ရင် မတွေ့သလို သတ်ပစ်ခံရတာတို့၊ အမျိုးမျိုးနှိပ်စက်ညှဉ်းပန်း အနိုင်ကျင့်ခံရတာတို့နဲ့ ကျောကော့ အောင် ခံစားကြရတာတွေ၊ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲနဲ့ နေကြရတဲ့အပြင် အမြဲပဲအသက်အန္တရာယ်ကို စိုးရိမ်ကြောင့်ကြစွာနဲ့ ထိတ်ထိတ်လန့်လန့် နေကြရတာတွေကို ကိုယ်ချင်းစာစိတ်နဲ့ ခံစားကြည့်ရင် အင်မတန်ရင်နာစရာပဲဟ"

"သောင်းကျန်းသူ ခေါင်းဆောင်ပိုင်းအများစုကတော့ အသက်မွေးဝမ်းကျောင်းတစ်ခုအနေနဲ့ သောင်းကျန်းသူလုပ်စားနေကြတာ တွေ့ရတယ်။ မိန်းမတွေအများအပြားယူ၊ တစ်ဖက်နိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ ထူထောင်ပြီးချမ်းသာနေကြလေရဲ့။ ငယ်သားတွေ ကျတော့ လူမျိုးရေးနဲ့ တစ်မျိုး၊ အထူးသဖြင့် အကြောက်တရားနဲ့တစ်ဖုံ သိမ်းသွင်းခံထားကြရတော့ သူတို့ဘဝရဲ့ နောက်ဆုံးရလဒ်က အသက်နဲ့ခန္ဓာကိုယ် ထိခိုက် ဆုံးရှုံးခြင်းဘဝနဲ့ပဲ ဇာတ်သိမ်းကြရတာပါ"

"မှန်ပါ့ကွာ၊ ၁/၂၀၀၆ သတင်းစာရှင်းလင်းပွဲမှာ တပ်မဟာ(၂၄၁) ဖမ်းဆီးရမိနဲ့ အလင်းဝင်သူတွေရဲ့ ပြောကြားချက်အရ ရွက်ဆစ်ဆိုရင် တရားဝင်မိန်းမကနှစ်ယောက်၊အဆွယ်အပွားလေးတွေ အများအပြားနဲ့ ဒီအထဲ ငွေနဲ့ပေါက်ပြီး မိန်းကလေးတွေကို ဖျက်ဆီးနေတာ။ SSA (တောင်ပိုင်း)(၇၅၈)တပ်မဟာမှူး မိန်ဆစ်ဆိုရင် မိန်းမအယောက် ၄၀။ (၇၅၆) တပ်မဟာမှူး ခွတ်လောင်ဆိုရင် မိန်းမအယောက် ၂၀ ခန့်ရှိနေတာ၊ တပ်မဟာမှူး သံချောင်းဆိုရင် ကားလမ်းမှာ ဓားပြတိုက်လူသတ်ပြီး မိန်းကလေးတွေကို အဓမ္မပြုကျင့်တာ၊ ခေါင်းဆောင်တွေအားလုံး ဘိန်းနဲ့စိတ်ကြွဆေးပြားတွေ ထုတ်လုပ်ရောင်းချ နေတာတွေ ကြည့်ရင် ခေါင်းဆောင်ပိုင်းရဲ့ အနေအထားကို သိနိုင်ပါတယ်"

"ဒါကိုကြည့်ရင် သူတို့ကမှ Licensed to Rape ဆိုတာကို လက်တွေ့ ကျူးလွန်နေသူတွေ ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်"

"အဲ...ငယ်သားတွေကျတော့ ဘိန်းနဲ့စိတ်ကြွဆေးပြားတွေကို တစ်ဖက်နိုင်ငံကလဲ ဖမ်းဆီးနေတာမို့ အရင်ကလို လွတ်လွတ်လပ်လပ် မလုပ်ဆောင်နိုင်တော့လို့ဆိုပြီး လစာတောင် မရရှာကြဘူးလို့ သိရတယ်"

"တစ်ခုကျန်သေးတယ်လေ၊ ခေါင်းဆောင်ပိုင်းက လူသစ်စုဆောင်းရာမှာ တစ်ရွာကို ဘယ်နှယောက်ဆိုပြီး ပိုတောင်းတယ်။ လူမပေးနိုင်တော့ လူတစ်ယောက်အတွက် ငွေငါးသိန်းခြောက်သိန်းနှုန်းတွေနဲ့ ယူတယ်ဆိုတော့ စီးပွားရေး တွက်ခြေကိုက်နေတာပေါ့"

"အဲဒီလိုဖြစ်စဉ်တွေက ရွက်ဆစ်တစ်ဖွဲ့ထဲမှာတင် မဟုတ်ပါဘူးကွာ၊ ငါကရင်ပြည်နယ် စစ်ဆင်ရေးဝင်ခဲ့စဉ်ကလဲ KNUခေါင်းဆောင်ကြီးငယ်တွေ လုပ်စားနေကြတာ မြင်တွေ့ သိရှိခဲ့ပါတယ်"

"မင်းက KNUနယ်မြေမှာ နှစ်ပေါင်းများစွာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ခဲ့ဖူးလို့ KNU အကြောင်း ကျွမ်းကျင်သူတစ်ယောက် အနေနဲ့ ငါမေးမယ်ကွာ၊ အဲဒါက တပ်မတော်အစိုးရနဲ့ KNUတို့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပွဲလုပ်နေကြတာကြာပြီ ဖြစ်ပေမယ့် ဘာလို့ အခုထက်ထိ မရသေးတာလဲ"

"ငါ့အမြင်နဲ့ အယူအဆကို ပြောရမယ်ဆိုရင် တပ်မတော်အစိုးရ လက်ထက် လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နဲ့ ငြိမ်းချမ်းရေးရယူနိုင်ခဲ့တာ ဒို့အားလုံးအသိပဲနော်။ အချို့အဖွဲ့ဆိုရင် လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင်လဲတာတောင်ပါတယ်။ အဲဒီအဖွဲ့တွေနဲ့ ငြိမ်းချမ်းရေး ပြုလုပ်နိုင်ခဲ့တာ KNUနဲ့ကျမှ ဘာလို့မရယူနိုင်သေးသလဲ ဆိုတာကို ရိုးရိုးလေးပဲ စဉ်းစားကြည့်ရင် အဖြေပေါ်နိုင်ပါတယ်။ တပ်မတော်အစိုးရ စတင်တာဝန်ယူခဲ့စဉ်က အခြားအဖွဲ့တွေလိုပဲ KNUနဲ့လဲ ဆွေးနွေးခဲ့ကြတာမှာ ငြိမ်းချမ်းရေးရဖို့ နီးစပ်စဉ်မှာပဲ ငပွကြီးနိုင်ငံက ခေါင်းဆောင်တစ်ဦးဟာ တစ်ဖက်နိုင်ငံကို ရောက်လာပြီး KNUကို ဒေါ်လာ သန်းနဲ့ချီပြီးပေးခဲ့လို့ ပျက်ပြားသွားတယ်လို့ သတင်းဖြစ်ပေါ်ခဲ့တာ မှတ်မိတယ်။ အခုသောင်းကျန်းသူအဖွဲ့တွေ ပေါင်းစုဖွဲ့ထားတဲ့ NCUB, DAB,NDF အဖွဲ့တွေမှာ KNUက ပုဂ္ဂိုလ်တွေပဲ ဥက္ကဋ္ဌနေရာ ယူထားတာကို ဆက်စပ်ကြည့်ရင် ပြည်ပက အကြံပေးတွေ ကြိုးကိုင်နေမှုတွေ ပါနေတယ်ဆိုတာ ယုံမှားဖွယ်ရာ မရှိပါဘူး"

"အေးလေ ၁၇ဖွဲ့နဲ့တောင် ငြိမ်းချမ်းရေးရယူထားနိုင်ပြီး သူတို့တစ်ဖွဲ့ထဲကျမှ ကြန့်ကြာနေတာကို သူတို့အထဲက မှန်မှန်ကန်ကန် သုံးသပ်ရှုမြင်နိုင်သူတွေလဲ ရှိနိုင်ပါလိမ့်မယ်။ ငြိမ်းချမ်းရေး ရယူထားပြီးတဲ့ နယ်မြေဒေသတွေ ဘယ်လောက်အထိ တိုးတက်ဖွံ့ဖြိုးလာနေသလဲဆိုတာကိုလဲ သူတို့ မြင်တွေ့ကြားသိနေမှာပါ။ ခေါင်းဆောင်ပိုင်းမှာ နိုင်ငံနဲ့လူမျိုးအတွက်၊ အထူးသဖြင့် ဒေသခံပြည်သူတွေအတွက် အကျိုးစီးပွားကို မှန်မှန်ကန်ကန် ရှေးရှုလုပ်ဆောင်မယ်ဆိုတဲ့ အသိမှန်အမြင် မှန်သူတွေ၊ သဘောထားမှန်သူတွေ အများအပြား ရှိလာကြမယ်ဆိုရင်တော့ ငြိမ်းချမ်းရေး ဆွေးနွေးမှု မြန်မြန်အောင်မြင်လိမ့်မယ်လို့ ငါထင်ပါတယ်"

"အခုတော့ နိုင်ငံတော်အစိုးရက KNUတွေ ဖောက်ခွဲဖျက်ဆီးရေးလုပ်နေတာကိုသိလျက်နဲ့ နှစ်ဖက်ငြိမ်းချမ်းရေး ဆွေးနွေးချိန်မှာ အဟန့်အတား အနှောင့်အယှက် ဖြစ်နိုင်တာကို တွက်ဆပြီး ထိန်းထိန်းသိမ်းသိမ်းနဲ့ ပြောဆိုလုပ်ကိုင်ခဲ့တယ်။ KNU ဘက်ကိုလဲ ဒီလို ဖောက်ခွဲဖျက်ဆီးတာတွေ မလုပ်ဖို့ အသိပေးထားရက်နဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့▲

"ဘယ်ပြည်သူကမှ သောင်းကျန်းသူတွေကို လက်မခံချင်ကြဘူး။ အခုလက်ကျန်သောင်းကျန်းသူတွေအနေနဲ့ တစ်ဖက်နိုင်ငံမှာ ခွထိုင်ပြီး နေနိုင်တာရယ်၊ ငပွကြီးရဲ့ အစီအစဉ်နဲ့ လက်ဝေခံအဖွဲ့တွေက နည်းမျိုးစုံနဲ့ ကူညီပေးကမ်း ထောက်ပံ့ထားတာရယ်၊ နယ်စပ်ကပြည်သူတွေကို အကြောက်တရားနဲ့ ခြိမ်းခြောက်ချုပ်ကိုင်ထားတာရယ် စတာတွေကြောင့် ရပ်တည်နေနိုင်တာပါ"

နိုင်ငံတကာသတင်းများ

အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရန်သမ္မတ မာမွတ်အာမက်ဒိန်ရတ်ကို အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်း ယူဒိုယူနိုနှင့် အတူ မာဒေးကားနန်းတော်၌ မေ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်နိုင်ငံခြားရေးမူဝါဒအမှားများ ဖော်ပြထားသည့်စာတစ်စောင် အီရန်သမ္မတက အမေရိကန်သမ္မတထံ ပေးပို့ခဲ့

ကုလသမဂ္ဂ မေ ၁၀

အမေရိကန်အစိုးရ၏ နိုင်ငံခြားရေး မူဝါဒ အမှားများနှင့် အီရန်နိုင်ငံ၏ အခြေခံ အခွင့်အရေးတစ်ခုအဖြစ် နျူကလီးယားနည်းပညာကို သိပ္ပံနည်းကျ သုတေသနပြုလုပ်မှုဘက်မှ ကာကွယ် ရေးသားထားသည့် စာမျက်နှာ ၁၈မျက်နှာပါ စာရှည်ကြီးတစ်စောင်ကို အီရန်သမ္မတ မာမွတ်အာမက်ဒိန်ရတ်က အမေရိကန် သမ္မတ ဂျော့ဂျ်၊ဘုရှ်ထံသို့ ပေးပို့လိုက်ကြောင်း ရိုက်တာသတင်း အရ သိရှိရသည်။

အငြင်းပွား

အီရန်က ယူရေနီယံ သန့်စင်သည့် လုပ်ငန်းနှင့် နျူကလီးယားနည်းပညာ ဖွံ့ဖြိုးရန် ဆောင်ရွက်ခြင်းသည် ပြည်တွင်းလျှပ်စစ်ဓာတ် အသုံးပြုမှု အတွက်သာဖြစ်ပြီး ယင်းကိစ္စအပေါ် အနောက်အုပ်စုက နျူကလီးယား လက်နက် ထုတ်လုပ်ရန်အတွက် ဆင်ခြေပေးထားသည့် အစီအစဉ် တစ်ရပ်အဖြစ် အငြင်းပွား ပြောကြား လျက်ရှိကြသည်ဟု အီရန်က အခိုင် အမာ ပြောကြားကြောင်း ယင်းစာတွင် ပါရှိသည်။

ထုတ်ပြန်ခြင်းမရှိ

အဆိုပါစာကို အမေရိကန် အိမ်ဖြူ တော်က တနင်္လာနေ့တွင် လက်ခံရရှိခဲ့ သော်လည်း လူသိရှင်ကြား သတင်း ထုတ်ပြန်ခြင်းမရှိပေ။

နှိုင်းယှဉ်ဖော်ပြ

အဆိုပါစာတွင် ၂၀၀၃ ခုနှစ်၌ အမေရိကန်က အီရတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်ခဲ့ပုံနှင့် အမေရိကန် က အီရန်အပေါ် ခြိမ်းခြောက်မှုများ ပြုလုပ်နေပုံတို့သည် တူညီသည့်သဏ္ဍာန် ရှိကြောင်း နှိုင်းယှဉ်ဖော်ပြထားသည်။ အမေရိကန်က အီရတ်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့သည်မှာ တရား မျှတမှုရှိကြောင်း မုသားပြောကြားခဲ့ပြီး ယခုအခါ အကျိုးဆက်များဖြင့် ကြုံတွေ့ နေရပြီဟု ယင်းစာတွင် ဖော်ပြထား သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံ တယ်အဖာမြို့တွင် ဗုံးပေါက်ကွဲ၍ လူ ၁၇ ဦးသေဆုံး

တယ်အဖာ(အီရတ်) မေ ၁၁

ကားဗုံးဖောက်ခွဲသူ တစ်ဦးက ၎င်းကိုယ်တိုင် မောင်းနှင်ကာ တယ်အဖာမြို့ ဈေးတစ်ဈေးအတွင်း အင်္ဂါနေ့က ဗုံးဖောက်ခွဲခဲ့သဖြင့် လူ ၁၇ ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြော ကြားသည်။

ယင်းဗုံးခွဲ တိုက်ခိုက်မှုသည် ရဲတပ် ဖွဲ့နှင့်မြို့တွင်းရှိ ကြည်းတပ်ဌာနချုပ်တို့ ကို ပစ်မှတ်ထား၍ ဖောက်ခွဲခဲ့ခြင်း ဖြစ်သည်ဟု ရဲတပ်ဖွဲ့က စောစောပိုင်းက ပြောကြားခဲ့သည်။

ဖောက်ခွဲမှုကြောင့် သေဆုံးသွား သူများတွင် အရပ်သားများ၊ ရဲတပ်ဖွဲ့ ဝင်နှင့် တပ်ဖွဲ့ဝင်များ ပါဝင်သည်ဟု တယ်အဖာရှိ ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ပြင်သစ်နိုင်ငံ ကိန်းမြို့တွင်ကျင်းပမည့် (၅၉)ကြိမ်မြောက် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်အတွက် ပြင်ဆင် ဆောင်ရွက်နေသည်ကို မေ ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆင်စွယ် သုံးတန်ကျော် ဟောင်ကောင် အကောက်ခွန်ဌာန ဖမ်းမိ

ဟောင်ကောင် မေ ၁၁

ဟောင်ကောင် အကောက်ခွန်ဌာနမှ တာဝန်ရှိသူများသည် တန်ချိန် ၃ ဒသမ ၉ တန်ရှိ ဆင်စွယ်များကို သိမ်းဆည်း ရမိကြောင်း၊ တန်ဖိုးအားဖြင့် ဟောင်ကောင် ဒေါ်လာရှစ်သန်း(အမေ ရိကန်ဒေါ်လာ ၁၀၃၃၀၅)ခန့် ရှိ ကြောင်း၊ အဆိုပါ ဆင်စွယ်များကို ခဝိုင်ချန်ဒေသတွင် ပေ ၄၀ ရှိ ကုန် သေတ္တာတစ်လုံးမှ သိမ်းဆည်းရမိ ခြင်းဖြစ်ကြောင်း သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ခဝိုင်ချန် အကောက်ခွန်ရုံး၌ မေ ၉ ရက်တွင် ကုန်သေတ္တာကို ဓာတ်မှန် ဖြင့် တာဝန်ရှိသူများက စစ်ဆေး ကြည့်ရှုခဲ့သည်။ ထိုသို့ စစ်ဆေးနေစဉ် ကုန်သေတ္တာ၏ အတွင်းထဲတွင် ဖုံးဖိုက် ထားသော ဆင်စွယ်များကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကုန်သေတ္တာကို ကာမီရွန် ဒေသမှ ဟောင်ကောင်သို့ မေ ၃ ရက်တွင် ပို့ဆောင်ခဲ့သည်။ ထိုကုန် သေတ္တာအတွင်းသစ်များ သယ်ဆောင် လာကြောင်း အကောက်ခွန်ဌာနသို့ အကြောင်းကြားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ဟောင်ကောင် အကောက်ခွန်ဌာနမှ ဖမ်းဆီးရမိသော ဆင်စွယ်များကို မေ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တက္ကဆက်ပြည်နယ်၌ မုန်တိုင်းကျရောက်၊ သုံးဦးသေဆုံး

ဝါရှင်တန် မေ ၁၁

အမေရိကန်နိုင်ငံ တက္ကဆက်ပြည် နယ်၌ မိုးကြိုးမုန်တိုင်း ညလုံးပေါက် ကျရောက်ခဲ့ကြောင်း၊ ထိုရာသီဥတုဒဏ် ကြောင့် လူသုံးဦးထက်မနည်း သေဆုံးခဲ့ ကြောင်း သတင်းဌာနက မေ၁၀ ရက် တွင် ထုတ်ပြန်ကြေညာသည်။ ကိုလင် ခရိုင်ရှိ အိမ်ပျက်ထဲ၌ သက်ကြီးရွယ်အို နှစ်ဦး သေဆုံးနေပြီး ဂရေဆွန်ခရိုင်ရှိ အိမ်၌ ဆယ်ကျော်သက် တစ်ဦး သေဆုံးနေ သည်ကို တွေ့ရှိခဲ့ကြောင်း အက်စ်ဆို ဆီအိပ်တက် သတင်းစာက ရေးသား ဖော်ပြသည်။

ပျက်စီး

အဆိုပါ မုန်တိုင်းကျရောက်မှုကြောင့် အိမ်ခြေ ၂၆ လုံး ထက်မနည်း ပျက်စီး ခဲ့ကြောင်း၊ လူ ၁၀ ဦးကို ဆေးရုံတင် ထားပြီး ဒဏ်ရာအနည်းငယ် ရရှိသူ ဒါဇင်ပေါင်းများစွာရှိကြောင်း ဖော်ပြခဲ့ သည်။

အာကန်ဆပ်စ်မြို့ အနီး၌လည်း မေ ၁၀ရက်အစောပိုင်းတွင် မုန်တိုင်း တိုက်ခတ်ခဲ့သည်။

နှိုးဆော်ထား

တစ်ချိန်တည်းမှာပင် ဖလော်ရီဒါ ပြည်နယ်၌ မုန်တိုင်း ကျရောက်ဖွယ် ရှိကြောင်း၊ ထို့အတွက် ပြည်သူများ ကို သတိဝီရိယဖြင့် နေထိုင်ကြရန် တာဝန်ရှိသူများက မေ ၁၀ ရက်တွင် နှိုးဆော်ထားသည်။ ယမန်နှစ်က ကျရောက်ခဲ့သည့် ကက်ထရီနာ ဟာရီကိန်း မုန်တိုင်းမျိုး ဖြစ်နိုင်ဖွယ် ရှိ၊ မရှိကို ထုတ်ဖော် မပြောကြားပေ။ ထိုကက်ထရီနာ မုန်တိုင်းကြောင့် လူ ၁၃၀၀ ကျော် သေဆုံးခဲ့ရသည်။

ဟောကိန်းထုတ်

ယခုနှစ် ဟာရီကိန်း မုန်တိုင်း တိုက် ခတ်သောအချိန်တွင် အတ္တလန္တိတ် ဒေသ၌ ဟာရီကိန်းမုန်တိုင်း ကိုးခု ကျရောက်ဖွယ် ရှိကြောင်း၊ ယင်းအထဲမှ ငါးခုသည် အင်အား ပြင်းထန်ဖွယ် ရှိကြောင်း ကော်လိုရာဒိုတက္ကသိုလ်မှ ကျွမ်းကျင်သူများက ဟောကိန်းထုတ် ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကနေဒါ၌ ဘဏ်ဓားပြတိုက်မှုနှင့်ပတ်သက်သူ ဆယ်ကျော်သက်သုံးဦးကိုဖမ်းဆီး

အော့တဝါ မေ ၁၁

ကနေဒါနိုင်ငံ အနောက်ပိုင်း ဗန်ကို ဗာဒေသတွင် အသက် ၁၅ နှစ်အောက် ဆယ်ကျော်သက်သုံးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း၊၎င်းတို့သည် ကနေဒါ နိုင်ငံ အောက်ပိုင်းဒေသ ဝန်းကျင်ရှိ ဘဏ်ဓားပြတိုက်မှုနှင့် ဆက်နွယ်သူ များ ဖြစ်ကြောင်း သတင်းတစ်ရပ်၌ ဖော်ပြသည်။

၎င်းတို့ကို မေ ၇ ရက်တွင် ဖမ်းဆီးခဲ့ သည်။ ၎င်းဆယ်ကျော်သက် သုံးဦး သည် ဗန်ကိုဗာဘဏ်နှစ်ခုနှင့် အခြား ဘဏ်တစ်ခုကို ဓားပြတိုက်မှုနှင့် ပတ်သက်မှုရှိသူများ ဖြစ်ကြောင်း ဒေသ ဆိုင်ရာ ရဲတပ်ဖွဲ့က မေ ၉ ရက်တွင် ပြောကြားခဲ့သည်။

ဘဏ်ဓားပြတိုက်မှုသည် လွန်ခဲ့သည့် လအတွင်း ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ ကနေဒါ ရိုင်ရယ်လ်မောင့် ရဲတပ်ဖွဲ့မှ ရိုဂါမိုရိုက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

စင်ကာပူ၌ စစ်သင်္ဘောသစ်ရေချ

စင်ကာပူ မေ ၁၀

စင်ကာပူရေတပ်သည် ရေဒါဖြင့် ထောက်လှမ်းမှုကို ရှောင်ရှားနိုင်သော ဆဌမမြောက် စစ်သင်္ဘော အာရ်အက်စ် အက်စ်စူပရင်း ရေချအခမ်းအနားကို စင်ကာပူ ရေကြောင်း ပညာသိပ္ပံသင်္ဘောကျင်း၌ အင်္ဂါနေ့တွင် ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အာရ် အက်စ်အက်စ်စူပရင်းသည် ပြည်တွင်း၌နောက်ဆုံး တည် ဆောက်သည့် စစ်သင်္ဘောဖြစ်ကြောင်း သိရသည်။ အဆိုပါ စစ်သင်္ဘောရေချသည့် အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီး တီယိုချီဟန်နှင့် ဒုတိယကာကွယ်ရေးဝန်ကြီး နင်အင်ဟင်း တို့လည်း တက်ရောက်ကြသည်။

စင်ကာပူရေတပ်ရှိ ဒုံးကျည်တပ်ဆင်ထားသည့် တိုက်ရေ ယာဉ်ဟောင်းများနေရာတွင် အဆိုပါစစ်သင်္ဘောသစ် ခြောက်စင်းဖြင့် အစားထိုးမည်ဖြစ်ကြောင်း ကာကွယ်ရေး ဝန်ကြီးဌာန၏ စစ်သင်္ဘော တည်ဆောက်ရေး အစီအစဉ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ဘတ်စ်ကား၊ ရထားနှင့် အငှားယာဉ်များတွင် အီလက်ထရွန်းနစ် ယာဉ်စီးလက်မှတ် သုံးစွဲနေသည်ကို မေ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်၌ ရှေးဟောင်းပစ္စည်း တရားမဝင် ရောင်းချသူများကို ဖမ်းဆီး

ပေကျင်း မေ ၁၁

ရှေးဟောင်းပစ္စည်း တရားမဝင်ရောင်းဝယ်သူ ၂၀၅၀၀ တို့ကို တရုတ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ တရားမဝင် ရှေးဟောင်းပစ္စည်းရောင်းချမှုပေါင်း ၂၈၄၈ မှုရှိကြောင်း ရဲတပ်ဖွဲ့က မေ ၉ရက်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတစ်ဝန်း၌ ရှေးဟောင်းပစ္စည်း ရောင်းဝယ်မှုများ ပေါ်ပေါက်ပြီးနောက် ရှေးဟောင်းပစ္စည်းများ တရားမဝင် ရောင်းချမှုအတွက် ကြီးမားသည့် ပြစ်ဒဏ်ပေးရန် ဥပဒေပြဋ္ဌာန်းထားကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနအောက်ရှိ စီးပွားရေးရာဇဝတ်မှုဗျူရိုမှ ဒုတိယညွှန်ကြားရေးမှူး ကာအိုဖန်က ပြောကြားခဲ့သည်။ ရှေးဟောင်းပစ္စည်းများ တရားမဝင် ရောင်းဝယ်မှုပြုခဲ့သည့် ပစ္စည်းများတန်ဖိုးသည် ယွမ် ၄ဒသမ ၂၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၈သန်း) ကျော်ရှိကြောင်း သတင်းစာ ရှင်းလင်းပွဲ၌ ကာအိုက ပြောဆိုခဲ့သည်။

ရှေးဟောင်းပစ္စည်း တရားမဝင် ရောင်းချမှုသည် စီးပွားရေးပြစ်မှုကြီးဖြစ်ကြောင်း၊ လူတို့၏စိတ်ကို ညစ်ညမ်းစေခြင်း၊ စီးပွားရေးပျက်ပြားစေခြင်းနှင့် လူ့အဆင့်အတန်းတိုးတက်မှုကို ပိတ်ပင်စေခြင်း စသည့်ဆိုးကျိုးများရှိကြောင်း ကာအိုက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၌ ရှေးဟောင်း ပစ္စည်းရောင်းချမှုကို ၁၉၉၀ ပြည့်နှစ်များတွင် စတင် လုပ်ကိုင်လာကြသည်။ ယင်းကာလနောက်ပိုင်း၌ ရှေးဟောင်းပစ္စည်း တရားမဝင်ရောင်းချရာ၌ ပစ္စည်းအတုများနှင့် အရည်အသွေးညံ့သောပစ္စည်းများကိုသာ အချို့လူများက ရောင်းချလာကြသည်။ ၁၉၉၈ ခုနှစ်တွင် တရုတ်နိုင်ငံ၌ မည်သည့် ရှေးဟောင်းပစ္စည်း အားလုံးကိုမဆို ရောင်းချမှုအပေါ် ပိတ်ပင်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ သို့သော် မကြာသေးမီနှစ်များတွင် ရှေးဟောင်းပစ္စည်း တရားမဝင် ရောင်းချမှု ပြန်လည်လုပ်ဆောင်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။



ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ လုံခြုံရေးစောင့်ကြပ်နေသော တပ်ဖွဲ့ဝင်တစ်ဦးကို မေ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဧဝရက်တောင်တက်စဉ် နီပေါလမ်းပြသုံးဦး ရေခဲပိ၍သေဆုံး

ခတ္တမန္ဒူ မေ ၁၁

ယခုနှစ်၏ မုတ်သုံရာသီအကြို တောင်တက်ရာသီချိန်တွင် ဧဝရက်တောင်သို့ နီပေါ တောင်တက်လမ်းပြသုံးဦးနှင့် တရုတ် တောင်တက်သမားသုံးဦးတို့ ပထမဆုံး တက်ရောက်နိုင်ခဲ့သည်။ လွန်ခဲ့သည့်လနှောင်းပိုင်းတွင် ရေခဲတောင် ပြိုမှုကြောင့် နီပေါဒေသခံ လမ်းပြသုံးဦး သေဆုံးခဲ့သည်။

ထိုတောင်တက်သမား ခြောက်ဦးအဖွဲ့သည် တရုတ် တိဘက်ဒေသမှ ရောက်ရှိလာပြီး ဧပြီ၃၀ ရက်တွင် အမြင့် ၈၈၄၈ မီတာရှိ တောင်ထွတ်သို့ ရောက်ရှိခဲ့ကြကြောင်း၊ ၎င်းတို့သည် တောင်တက်ရာ၌ ကြိုးကိုအသုံးပြု၍ တက်ခဲ့ကြကြောင်း နီပေါနိုင်ငံ ကျွမ်းကျင်တောင်တက်အဖွဲ့ မန်နေဂျာ တမ်ဒင်ရှာပါက ပြောကြားခဲ့သည်။

ခက်ခဲကြမ်းတမ်းမှုဖြင့် နာမည်ကြီးသောဧဝရက်တောင်ပေါ်သို့ တက်ရောက်လိုသူများကို လမ်းပြပေးရသည့် လမ်းပြသမားသုံးဦးသည် လွန်ခဲ့သည့်လနှောင်းပိုင်းက ရေခဲတောင်ပြိုကျမှုကြောင့် သေဆုံးခဲ့ကြသည်ဟု နီပေါ ခရီးသွားလုပ်ငန်းအဖွဲ့က မေ ၈ရက်တွင် ပြောကြားခဲ့သည်။ တောင် တက်လမ်းပြ အလုပ်သမားသုံးဦးသည် ၅၆၀၃ မီတာ အမြင့်၌ ဖြစ်ပွားခဲ့သော ရေခဲတောင်ပြိုကျမှုကြောင့် သေဆုံးသွားခဲ့သည်ဟု အဆိုပါဌာနက ပြောကြားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယနိုင်ငံ အဂ္ဂါတာလာမြို့တောင်ဘက် ၂၈မိုင်အကွာ ကက်ရှ်ဘားနယ်စပ်တွင် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင် တစ်ဦးကို မေ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်ကော်ဖီလုပ်ငန်း အခက်အခဲများ ကြုံတွေ့

ဟနွိုင် မေ ၁၁

ဗီယက်နမ် ကော်ဖီလုပ်ငန်းသည် ကုန်ပစ္စည်းများထုတ်လုပ်မှု လျော့နည်းခြင်း၊ ဈေးနှုန်းမြင့်မားခြင်းနှင့် အရည်အသွေးကျဆင်းခြင်းစသည့် အချက်များ အပါအဝင် အားနည်းချက် အများအပြားရှိနေကြောင်း စိုက်ပျိုးရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ ဗီယက်နမ် အီကိုနိုမစ်တိုင်းမ်သတင်းစာက မေ ၉ ရက်တွင် ဖော်ပြခဲ့သည်။

ဗီယက်နမ်ကော်ဖီထွက်ရှိမှုသည် လျော့နည်းလာကြောင်း၊ အဓိကအားဖြင့် ရိဘူစတာ ကော်ဖီထုတ်လုပ်ရေးလုပ်ငန်းမှ အထွက်နှုန်းလျော့နည်းလာကြောင်း၊ ရောင်းချမှုဈေးနှုန်း မြင့်မားရခြင်းသည် အလုပ်သမားနှင့် ရေ အသုံးစရိတ် ကြီးမားမှုကြောင့်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဌာန အကြီးအကဲ လီဟန်ကွီက ပြောကြားခဲ့သည်။ ဗီယက်နမ်ကော်ဖီစေ့ အရည်အသွေးကျဆင်းမှုကြောင့် ကော်ဖီတင်ပို့မှုလုပ်ငန်းစာချုပ်များကို ယခုအချိန်အထိ မချုပ်ရသေးကြောင်း၊ ကော်ဖီတင်ပို့သူများသည် ပြည်ပဝယ်ယူသူများထံ ကြားပွဲစားမှတစ်ဆင့် ကော်ဖီကို တင်ပို့ရောင်းချကြရကြောင်း၊ ကော်ဖီများ အဓိကစိုက်ပျိုး ထုတ်လုပ်ရန် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာတွင် ကော်ဖီတင်ပို့မှု ဒုတိယအများဆုံး နိုင်ငံဖြစ်ပြီး ယခုနှစ် ပထမလေးလပတ်တွင် အမေရိကန်ဒေါ်လာ ၄၀၄ သန်း တန်ဖိုးရှိ ကော်ဖီတန်ချိန် ၃၅၆၀၀၀ ကို တင်ပို့ခဲ့သည်။ အဆိုပါ တင်ပို့ မှုသည် ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ၂၃ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ၂၀ ဒသမ ၈ ရာခိုင်နှုန်း များပြားလာခဲ့ ကြောင်း ဗီယက်နမ်အထွေထွေစာရင်းအင်းဌာနက ထုတ်ပြန်ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံတွင် လေဆင်နှာမောင်းတိုက်ခတ်

မနီလာ မေ ၁၁

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ မြောက်ပိုင်း ကီလိုမီတာ ၁၀၀ ခန့်အကွာ ပမ်ပန်ဂါပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် အင်အားပြင်းထန်သည့် လေဆင်နှာမောင်း ဗုဒ္ဓဟူးနေ့က တိုက်ခတ်သွားခဲ့ရာ အိမ်ခြေ ၇၀ ထက်မနည်း ထိခိုက်ပျက်စီးခဲ့ပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံသတင်းမီဒီယာအရ သိရှိရသည်။

အဆိုပါ လေဆင်နှာမောင်းသည် ကျေးရွာတစ်လျှောက် အပြင်းအထန် ဝင်ရောက်တိုက်ခတ် သွားခဲ့သဖြင့် ဒေသခံလူများသည် ရုပ်မြင်သံကြားမှ မိုးလေဝသအစီအစဉ်ကြည့်ရှုကာ အခြေအနေကို နိုးနိုးကြားကြား သတိထားနေကြရသည်ဟု သတင်းများအရ သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဒါဖာဒေသရှိ ကုလသမဂ္ဂရုံး တိုက်ခိုက်ခံရ

ကလပ်မာကက်(ဆူဒန်) မေ ၁၁

ဆူဒန်နိုင်ငံ ဒါဖာဒေသအခြေစိုက် ကုလသမဂ္ဂ လူသားချင်းစာနာသော အထောက်အကူ ပေးရေးအဖွဲ့ရုံးကို ဒါဖာဒေသခံတို့က တိုက်ခိုက်သောကြောင့် စခန်းရွှေ့ပြောင်း ပေးခဲ့ရကြောင်း ထိုဌာနအကြီးအကဲ ဂျန်အီဂလန်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းမီဒီယာများအား တနင်္လာနေ့တွင် ဖော်ပြသည်။

ဒါဖာတောင်ပိုင်း ကယ်လ်မာဒေသတွင် ဆန္ဒပြနေသည့် ထောင်ချီရှိသော လူအုပ်ကြီးသည် ၎င်းတို့အား အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များက ကာကွယ်စောင့်ရှောက်ပေးရန် တောင်းဆိုခဲ့ကြသည်။

ကုလသမဂ္ဂအကူအညီပေးရေးအဖွဲ့ဝင်တစ်ဦးသည် ဂျန်ဂျာဝီစစ်သွေးကြွအဖွဲ့ဝင်ဖြစ်နေသည်ဟု ဆန္ဒပြသူအမျိုးသမီးတစ်ဦးက အော်ဟစ်စွပ်စွဲပြီးနောက် ရန်းရင်းဆန်ခတ်မှုဖြစ်ပွားလာခဲ့သည်။ ထို့နောက် ဆန္ဒပြသမားများသည် ကုလသမဂ္ဂမော်တော်ယာဉ်တစ်စီးကို တုတ်များ၊ ကျောက်ခဲများဖြင့် ဝိုင်းဝန်း ပစ်ပေါက်ကြရာ ကားပြတင်းမှန်များ အစိတ်စိတ်အမွှာမွှာ ကွဲကုန်ကြောင်းသိရသည်။

အဆိုပါအကြမ်းဖက်မှုဖြစ်ရပ်များကြောင့် ကုလသမဂ္ဂရုံး အကြီးအကဲဖြစ်သူ အီဂလန်နှင့် ရုံးအဖွဲ့ဝင်များအားလုံးသည် ၎င်းတို့၏စခန်းအား မူလစခန်းမှ ၁၅ ကီလိုမီတာအကွာအဝေးရှိ ညာလာမြို့သို့ ရွှေ့ပြောင်းခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်နိုင်ငံ တိုယိုကာ ငါးပြခန်းတစ်နေရာကို မေ ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာနှင့် ဝါရှောင်ကျေးရွာ စာကြည့်တိုက်များအတွက် ငွေနှင့် စာအုပ်စာစောင်လှူဒါန်း

ရန်ကုန် မေ ၁၂

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နဝမအကြိမ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်းပါးပြိုင်ပွဲကို မေ ၉ရက် နံနက် ၁၀နာရီတွင် မြစ်ကြီးနားမြို့အစိုးရကွန်ပျူတာကောလိပ်၌ ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် အဖွဲ့ဝင်များ၊ မြစ်ကြီးနားခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများလိုက်ပါလျက် သတ်မှတ်ပြိုင်ပွဲအမျိုးအစားအလိုက် ကျောင်းသားကျောင်းသူ ၇၂ဦး ဝင်ရောက်ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရာခန်းမ၌ မြစ်ကြီးနား ကွန်ပျူတာကောလိပ်အတွက် လိုအပ်သည့် သင်ကြားရေးဆိုင်ရာ အထောက်အကူပစ္စည်းများ ဝယ်ယူနိုင်ရန် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းက ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ကွန်ပျူတာကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ နှင်းမင်းဦးက လက်ခံသည်။

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကွန်ပျူတာကောလိပ်ပထမနှစ်သင်တန်းတက်ရောက်သင်ယူလျက်ရှိသည့် ကျောင်းသားကျောင်းသူများအား စာသင်ခန်းများ၌ တွေ့ဆုံကာ အားပေးစကားများကို ရင်းရင်းနှီးနှီးပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာသို့ သွားရောက်ကာ ခတ်ချိုကျေးရွာ ကိုယ့်အားကိုယ်ကိုး ဘဝပီတိစာကြည့်တိုက် စာအုပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

အဆိုပါ ခတ်ချိုကျေးရွာ ဘဝပီတိစာကြည့်တိုက်သို့ စာအုပ်နှင့်အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် ယင်းစာကြည့်တိုက်၌ ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့က အမှာစကားများပြောကြားကြပြီး ခတ်ချိုကျေးရွာ ဘဝပီတိ ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သုတ၊ ရသစာအုပ်မျိုးစုံ အုပ်ရေ ၁၀၀၀ ကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ငွေကျပ်ငါးသိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊မိသားစုများ(ဝိုင်းမော်မြို့)မှ ငွေကျပ်တစ်သိန်း၊ ဝိုင်းမော် မော်တော်ယာဉ်အသင်းများက ငွေကျပ် ၁၅၀၀၀၀၊ ခေတ်မျက်ဝန်းကုမ္ပဏီ၊ ခတ်ချိုကျေးရွာ ဆန်စက်လုပ်ငန်းရှင်များ၊ စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းရှင်များနှင့် ဆန်စက်လုပ်ငန်းရှင်များက ငွေကျပ်တစ်သိန်းစီ၊ ခတ်ချိုကျေးရွာဥက္ကဋ္ဌက ငွေကျပ်နှစ်သောင်း၊ နယ်မြေခံတပ်ရင်း တပ်ရင်းမှူးက ငွေကျပ်နှစ်သောင်းနှစ်ထောင်၊ ဦးစန်းလင်း၊ ဦးစိုင်းထွန်းညွှန့်၊ ဦးသန်းမှန် နှင့် ဦးညွှန့်လှိုင်တို့က ငွေကျပ်နှစ်သောင်းစီ၊ဝိုင်းမော်မြို့စည်ပင်သာယာရေးအဖွဲ့၊ ခတ်ချိုကျေးရွာမှ ဦးအိုက်စံ၊ ဦးအောင်ထွန်း၊ ခတ်ချိုကုန်စုံဆိုင်၊ ဦးသန်းဌေးနှင့် ဦးရာပက်တီး၊ ဦးမောင်ထွေးနှင့် ဦးဝင်းဦး၊ ဦးငပေါ်နှင့် ဦးလောဝမ်း၊ ဦးအိုင်ရှင်နှင့် ဦးမြအောင်၊ ဒေါ်ရင်နွဲ့ ဗီဒီယိုပြသရေးတို့က ငွေကျပ်တစ်သောင်းစီကို အသီးသီးပေးအပ်လှူဒါန်းကြရာ ခတ်ချိုကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်အတွက် ယင်းနေ့လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၃သိန်း ခြောက်သောင်းနှစ်ထောင် ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက်တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်ပေးအပ်လှူဒါန်းပွဲသို့ ဆက်လက်တက်ရောက်ကြပြီး တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က စာအုပ်လှူဒါန်းပွဲ နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သုတရသစာအုပ်မျိုးစုံ ၂၀၀နှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကျေးရွာစာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းပြီး ကျေးရွာပြည်သူများအားရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကချင်အထူးဒေသ (၂)နှင့် ဂျိတ်လင်းန် မြန်မာကုမ္ပဏီက တာဝန်ယူ ဖောက်လုပ်လျက်ရှိသည့် မြစ်ကြီးနား–ဗန်းမော် ကားလမ်း ဝိုင်းမော်မြို့နယ်လမ်းပိုင်း အဆင့်မြင့်ဖောက်လုပ်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး လမ်းဖောက်လုပ်ရေးအဖွဲ့များအား တိုင်းမှူးက ငွေကျပ်သုံးသိန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ငွေကျပ်သုံးသိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နဝမအကြိမ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်းပါးပြိုင်ပွဲကို ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့ ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆုတောင်းပြည့်ရန်မျိုးအောင်စေတီတော်မြတ်ကြီး၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ညောင်ရေသွန်းပွဲကို မေ ၁၁ရက်က ကျင်းပရာစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော) နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊မြို့နယ်သံဃနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် ဝိသုဒ္ဓါရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလထံမှ တရားတော်များ နာကြားကြစဉ်။

(၅၀၆)

ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)၏ ဝိဇာတအလှူတော်ကို မေ ၇ရက်က သမိုင်းကျိုက်ဝိုင်း ပေါက်တန်းဒိတ်ကုန်းကျောင်းတွင်ကျင်းပရာ ရန်ကင်းမြို့နယ်(အနောက်)၊ ရန်ရှင်းလမ်းနေကျောင်းအမကြီးဒေါ်ခင်စုနှင့်သားသမီးမြေးတစ်စုတို့က ဝိဟာရဒါန အလှူတော်ငွေကျပ်လေးသိန်းလှူဒါန်းရာ အလှူရှင်များကိုယ်စား ရဟန်းအမကြီး ဒေါ်စန်းစန်းက ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

လှိုင်မြစ်ကျော်(ထန်းတပင်) ၂၃၀ ကေဗွီဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းဆောင်ရွက်ချိန် ရေကြောင်းလမ်းခေတ္တပိတ်မည်

ရန်ကုန် မေ ၁၂

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မှော်ဘီမြို့နယ် ရွှေလှေကြီးဘက်ကမ်းနှင့် ထန်းတပင်မြို့နယ် ထန်းတပင်ဘက်ကမ်းအကြား လှိုင်မြစ်ပေါ်၌ လှိုင်မြစ်ကျော် (ထန်းတပင်) ၂၃၀ ကေဗွီဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် မေ ၈ရက်မှ မေ ၁၂ရက်အထိ နေ့စဉ်နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ရေကြောင်းလမ်း ခေတ္တပိတ်ထားခဲ့သည်။

ဓာတ်အားလိုင်းကြိုးဆွဲခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ရာသီဥတုအခြေအနေအရ လေမိုးသည်းထန်မှုများကြောင့် လုပ်ငန်းများနှောင့်နှေးကြန့်ကြာခဲ့ရပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမရှိသဖြင့် လှိုင်မြစ်ကျော် (ထန်းတပင်) ၂၃၀ ကေဗွီဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းကို မေ၁၃ရက်မှ မေ ၁၅ရက်အထိ နေ့စဉ်နံနက် ၆နာရီမှ ညနေ ၆နာရီအတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းခွင် အထက်ဘက်နှင့် အောက်ဘက် မြစ်အတွင်းမှ ရေယာဉ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ စောင့်ဆိုင်းပြီး ကြပ်မတ်ကွပ်ကဲလျက် ရေယာဉ်များ မဖြတ်သန်းရန် ရေကြောင်းလမ်းခေတ္တပိတ်ထားမည်ဖြစ်သည်။

အဆိုပါရေကြောင်းအတွင်းမှ ဖြတ်သန်းကြမည့်ရေယာဉ်များ၊ သစ်ဖောင်များအနေဖြင့် လုပ်ငန်းခွင်မှ ကင်းလွတ်ရာရေကြောင်းတွင် ခေတ္တရပ်နားစောင့်ဆိုင်းပြီး လုပ်ငန်းဆောင်ရွက်ပြီး၍ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ရမှသာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထပ်မံထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက်တွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးလျက်ရှိရာ မေ၁၂ရက်တွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် လူမှုရေးအဖွဲ့အစည်းများ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် အဖွဲ့ကြည့်ရှုအားပေးစဉ်။

(၃၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃–၅–၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
၇း၀၅	မေးကြည့်ဖြေကြည့် ပဟေဠိ
၇း၄၀	စားချင်စဖွယ် မုန့်လုပ်နည်း အသွယ်သွယ် (အုန်းစိမ်းနုကျောက်ကျော)
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးခြင်း
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	အနုပညာရပ်ဝန်းမှပွဲတင်သံများ (Tiger Live Show)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	အသည်းရောင်အသားဝါ (စီ)ပိုးကို ဘယ်လိုကုကြမလဲ
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၉း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၅	သူတို့ပြောတဲ့သူတို့အကြောင်း (မောင်မောင်လှမြင့်)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	မေတ္တာကိုအခြေပြု နယ်လှည့်လို့ကုတဲ့ယာဉ် (ဒါးကခရီးစဉ်)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀	မိုးလေဝသခန့်မှန်းချက်
၁၀း၅၅	ထူးခြားသွင်ပြင်သတ္တုပန်းပုရုပ်သွင်
၁၁း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀	ဆူနာမီရေလှိုင်းကာကွယ်ရေး အကြောင်းသိကောင်းစရာ (ဒုတိယပိုင်း)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	ပျော်ရွှင်စရာမျက်လှည့်ကမ္ဘာ (အပိုင်း–၂)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်သည်။

FA Cup Final **ဘောလုံးပွဲစဉ်**

ညပိုင်း	အစီအစဉ်	လိုင်း
၈း၁၀	FA Cup ပွဲကြိုသုံးသပ်ချက် (နေအောင်သန့်၊ထွန်းနေစိုး)	5-Sports
၈း၃၀	Liverpool-West Han	5-Sports (Live)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ ပဲခူးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ပဲခူးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တောင်ငူမြို့ ခပေါင်းခန်းမ၌ ပဲခူး တိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

စည်းရုံးရေးဖြင့် အမျိုးသားအကျိုးစီးပွား အောင်မြင်အောင်ဆောင်ရွက် သဘောတရား၊ လက်တွေ့အကောင်အထည်ဖော်မှု၊ ပုဂ္ဂိုလ်ရေးခင်မင်မှုတို့ဖြင့် စည်းရုံး

ရန်ကုန် မေ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမ၌ ပဲခူးတိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ တောင်ငူခရိုင်နှင့် တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် ရပ်ကွက် အမှုဆောင်များနှင့် စည်းရုံးရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ အခမ်းအနားတွင် ရှေးဦးစွာ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက ပဲခူးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးရေး၊ လူမှုရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် မိမိတို့အသင်းကြီးသည် အမျိုးသားရေးတာဝန်များကို ထမ်းဆောင်နေသော အသင်းကြီးဖြစ်ကြောင်း၊ မိမိတို့သည် သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်များကို ထမ်းဆောင်နေကြသည်ဖြစ်ရာ နိုင်ငံသားတစ်ဦးအနေဖြင့် ဂုဏ်ယူရမှာဖြစ်ကြောင်း၊ မိမိတို့အသင်းကြီး၏ အဓိကအားမှာ စည်းရုံးရေးဖြစ်ကြောင်း၊ စည်းရုံးရေးဖြင့် အမျိုးသားအကျိုးစီးပွားကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းကိစ္စများ ဆောင်ရွက်ရာတွင် စည်းရုံးမှုဖြင့် အောင်မြင်နိုင်သကဲ့သို့ အောင်မြင်မှုဖြင့် စည်းရုံးနိုင်ကြောင်း၊ စည်းရုံးရာတွင် သဘောတရား၊ လက်တွေ့အကောင်အထည်ဖော်မှုနှင့် ပုဂ္ဂိုလ်ရေးခင်မင်မှုတို့ဖြင့် စည်းရုံးဆောင်ရွက်သွားကြရ မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော် ရှိသည့်အနက် အသင်းကြီး၌ အသင်းဝင်အင်အား ၂၂ သန်းကျော်ရှိရာ နိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်ရှိကြောင်း၊ အသင်းဝင်များအားလုံး အရေအတွက်မှသည် အရည်အချင်း ပြည့်မီစေရန် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အသင်းဝင်များသည် အချိန်တိုင်းတွင် စည်းရုံးသူများဖြစ်ရန်နှင့် တည်ဆောက်သူများဖြစ်ရန် လေ့ကျင့် ပျိုးထောင်နေကြရမည်ဖြစ်ကြောင်း၊ စည်းရုံးသူအနေဖြင့် မိမိကိုယ်ကို စည်းရုံးခြင်း၊ မိမိ ရဲဘော်ရဲဘက်များကို စည်းရုံးခြင်းနှင့် ပြည်သူကို စည်းရုံးခြင်းဟူ၍ စည်းရုံးမှုသုံးရပ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတူ တည်ဆောက်သူအနေဖြင့် မိမိကိုယ်ကို တည်ဆောက်ခြင်း၊ မိမိရဲဘော်ရဲဘက်များကို တည်ဆောက်ပေးခြင်း၊ မိမိ အသင်းကြီးကို တည်ဆောက်ခြင်းနှင့် နိုင်ငံတော်အား တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့အပြင် အသင်းဝင်များသည် ဒို့တာဝန်အရေး(၃)ပါး၊ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်၊ အသင်းကြီး၏ အဓိဋ္ဌာန်၊ အသင်းဝင်များလိုက်နာရန် ကျင့်ဝတ်များကို လိုက်နာဖော်ဆောင်ကြရန်အပြင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်နှင့်အတူ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရေးနှင့် ကျေးလက်ဒေသ မီးလင်းရေးတို့ကိုလည်း အလေးထားဆောင်ရွက်ကြရ မည်ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် အသင်းကြီး၏ လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ အသင်းဝင်တစ်ဦးချင်းစီ၏ အရည်အသွေး မြင့်မားတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ပါဝင်ထမ်းဆောင်

ဆက်လက်၍ ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကား ပြောကြားရာတွင် ပဲခူးတိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအနေဖြင့် အသင်းကြီး၏ ရည်ရွယ်ချက်(၅)ရပ် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေကြရုံသာမက တစ်ဖက်ကလည်း အကြမ်းဖက် အဖျက်သမားများအား တားဆီး တိုက်ဖျက်ရေးတွင် ပါဝင်ထမ်းဆောင် နေကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့အလယ်တွင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်မာစွာ ရပ်တည်ရန်အတွက် အဓိကကျသည့် အချက်လေးရပ်ဖြစ်သည့် နယ်မြေအကျယ်အဝန်း၊ လူဦးရေ၊ အုပ်ချုပ်သူအစိုးရနှင့် အချုပ်အခြာအာဏာတို့နှင့် ပြည့်စုံနေရန် လိုအပ်ကြောင်း၊ ဒို့တာဝန်အရေး(၃)ပါးသည် နိုင်ငံသားတိုင်း ဦးထိပ်ပန်ဆင် လိုက်နာရမည့် အရေး(၃)ပါးဖြစ်သကဲ့သို့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် အစွန့်ရှည်ကြာစွာ ရပ်တည်ရေးတွင်လည်း မရှိမဖြစ်လိုအပ်သည့် အချက်များလည်းဖြစ်ကြောင်း၊ ထို့ကြောင့် အသင်းဝင်များအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားနေအောင် စည်းရုံးဆောင်ရွက်သွားကြရ မည်ဖြစ်ကြောင်း။

ပဲခူးတိုင်းသည် နိုင်ငံတော်၏ ဗဟိုချက်မ၌ တည်ရှိနေသည်ဖြစ်၍ အသင်းဝင်များသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေအေးချမ်းလုံခြုံရေးတို့ကို အလေးအနက်ထား ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

▲ စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ထိန်းသိမ်းမှုမရှိဘဲ လက်ရဲဇက်ရဲနဲ့ မိုင်းထောင်ဖောက်ခွဲမှုတွေ လုပ်လာတာ၊ လုပ်ဖို့ ကြံစည်စီမံတာတွေကို သက်သေအထောက်အထားတွေနဲ့ ဖော်ထုတ်တွေ့ရှိရတာမို့ KNU တွေအနေနဲ့ သူတို့ရဲ့ သဘောထားမှန်၊ မမှန်ကို ပြန်လည် သုံးသပ် ဆင်ခြင်သင့်ကြပါပြီ”

“ရထားလမ်း မိုင်းထောင်ပြီး မိုင်းကွဲတာနဲ့ လက်နက်ကြီးနဲ့ တစ်ပြိုင်တည်း ပစ်ခတ်နိုင်အောင် စီစဉ်ဆောင်ရွက်ထားတာကို လုံခြုံရေးအဖွဲ့တွေက ကြိုတင်ရှာဖွေဖော်ထုတ် ရှင်းလင်းနိုင်ခဲ့လို့ပဲဟ။ တကယ်လို့သာ မိုင်းကွဲခဲ့ရင် သေကျေဒဏ်ရာရကြမယ့် ပြည်သူတွေ မြင်မကောင်းအောင် ဖြစ်နေမှာပဲ။ တော်တော်လေးကို လက်ရဲဇက်ရဲနိုင်ပြီး ယုတ်မာပက်စက်တဲ့ အကြံပဲ”

“အရင်အစိုးရလက်ထက်မှာလဲ KNU တွေက ရထားလမ်း မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်လို့ ပြည်သူတွေ သေကျေဒဏ်ရာရခဲ့တာတွေ၊ အမျိုးသမီး တွေကို ဖမ်းသွားပြီး နောက်ဆုံးတစ်ဖက်နိုင်ငံမှာ လက်နက်ခဲယမ်းတွေနဲ့ လဲလှယ်ခဲ့တဲ့ ဖြစ်စဉ်တွေ သမိုင်းမှာ အထင်အရှားပါပဲ”

“အေးကွာ၊ ဒီလိုရက်စက်ယုတ်မာတဲ့ လုပ်ရပ်တွေကို အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းတွေအနေနဲ့ အမြင်မှန်ရပြီး ရပ်ဆိုင်းသင့်ပါပြီ။ သူတို့ရဲ့ ပြည်ပအသံလွှင့်ဌာနတွေက ဗျူးလိုက်ရင်တော့ မခုတ်တတ်တဲ့ ကြောင်တွေ၊ သူတော်ကောင်းယောင်ဆောင်ကြတာတွေ ကြားရတာ နားခါးလှသကွာ”

“၇–၅–၂၀၀၅ ရက်က ရန်ကုန်မြို့ လူစည်ကားတဲ့ သုံးနေရာမှာ ဖောက်ခွဲဖျက်ဆီးခဲ့တာကို NCGUB စိန်ဝင်းနဲ့ FTUB ပြည်သစ်ညွန့်ဝေတို့ရဲ့ ကြိုးကိုင်စေခိုင်းချက်အရ NDD သိန်းဝင်းရဲ့ အမာခံယူဂျီတွေက ဝိုင်းဝန်းကူညီပြီး ABSDF, NLD(LA) နဲ့ VBSW အကြမ်းဖက် အဖျက်သမားတွေက လုပ်ဆောင်ခဲ့တာဖြစ်တယ်ဆိုတာ အထောက်အထား အချက်အလက်တွေနဲ့ ရှင်းလင်းသွားတယ်။ သိန်းဝင်းရဲ့ အမာခံတွေ ကိုယ်တိုင်ကလဲ ဖွင့်ဟပြောကြားခဲ့တယ်။ ဒါကြောင့် သူတို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်လိုပဲ ပြည်ပအသံလွှင့်ဌာနတွေကနေ ကာကွယ်ထုတ်လွှင့်သွားခဲ့ကြပေမယ့် နောက်ဆုံးအဖြစ်မှန်ဆိုတာ ပေါ်လာတာပဲလေ၊ ပါးစပ်ကတော့ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့နဲ့ အသံကောင်းဟစ်၊ ပြည်ပနိုင်ငံကြီးတွေကနေ ရန်ပုံငွေတွေရအောင်ယူပြီး တိုင်းဆူပြည်ဖျက် လုပ်ရပ်တွေကို ကျူးလွန်နေကြတာ အထင်အရှားပဲဟေ့”

“သူတို့ရဲ့ ပြည်ပဆရာကြီးတွေကလဲ သူတို့နိုင်ငံမှာ ဖြစ်ပွားမှ၊ ဒါမှမဟုတ် သူတို့ကို ထိခိုက်မှပဲ အကြမ်းဖက်လို့ ယူဆကြတယ်လေ။ တခြားနိုင်ငံတွေမှာ ဘယ်လောက်ပဲ ဗုံးတွေပေါက်ကွဲလို့ လူတွေဘယ်လောက်ပဲသေသေ ဝတ်ကျေတန်းကျေသဘောမျိုးပဲ သတ်မှတ်ပြောဆိုပြီး ဒါဟာ ဒီမိုကရေစီရေးလှုပ်ရှားမှုလို့ ဆိုကြတာပဲ မဟုတ်လား။ သူတို့သာ ပြည်ပြေးတွေ သောင်းကျန်းသူတွေကို အဲဒီလို ဗုံးဖောက်ခွဲဖို့ လုပ်နည်းတွေကို သင်မပေးဘူး၊ ထောက်ပံ့မှု အမျိုးစုံကို နည်းမျိုးစုံနဲ့ မပေးဘူးဆိုရင် ဒီလို အဆင့်မြင့် ဖောက်ခွဲတာမျိုး ဘယ်လုပ်နိုင်ကြမလဲ”

“ပြည်သူတွေကို ပစ်မှတ်ထားလုပ်ကြံနေတဲ့ အကြမ်းဖက်အဖျက်သမားတွေကို ဒို့ပြည်သူတွေအားလုံးကလဲ လက်မခံကြပါဘူး။ ပြည်ပက ဆရာကြီးတွေ အကူအညီနဲ့ မြေပေါ်မြေအောက် ပြည်ပြေးတွေ သုံးဖက်သုံးတန်ကနေ ဒီလိုပဲ အကြမ်းဖက်လုပ်ငန်းတွေကို ဆက်ပြီး ကျူးလွန်နေကြဦးမှာပဲလေ၊ ဒါကို မင်းတို့ ငါတို့ အပါအဝင် ဒို့ပြည်သူတွေအားလုံး အသိတရားနဲ့ သတိထားလို့ ပြည်သူ့စွမ်းအားတွေနဲ့ ကာကွယ်ကြရမှာပဲ မဟုတ်လား”

“ဟုတ်ပါ့ ဟုတ်ပါ့၊ **အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတွေအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံတဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် အကြမ်းဖက် အဖျက်သမားတွေကိုရော၊ သူတို့ရဲ့ ဆရာကြီးတွေကိုရော ဘာမှမှုစရာ၊ ကြောက်စရာ မလိုပါဘူး။** အဲ...သတိမူမှသတိရှိမယ်၊ သတိရှိမှ သူတို့ရဲ့ အဖျက်လုပ်ရပ်တွေကို ကာကွယ်တားဆီးနိုင်မယ်ဆိုတာကိုတော့ အစဉ်ကိုင်စွဲထားကြရမယ်ဟေ့”

ထိုသို့စကား ကောင်းနေစဉ်မှာပင် အိမ်ရှင်မက နေ့လယ်စာ စားသုံးရန် လာရောက်ခေါ်သဖြင့် စကားဝိုင်းကို ခေတ္တရပ်နားကြပြီး အငြိမ်းစားတစ်သိုက် ထမင်းဝိုင်းသို့ ရွှေ့ခဲ့ကြပါသည်။ ။

Y.M.B.A ရာပြည့်ပွဲတော် ဆောင်းပါးဆုရသူကြေညာ

ရန်ကုန် မေ ၁၂

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (Y.M.B.A) နှစ်(၁၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲကို ပြုလုပ်ခဲ့ပြီး ဆုရသူများစာရင်းကို စိစစ်ရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ရာ မြောက်ဥက္ကလာပမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးသာဌေး(ငြိမ်း) (နီငြိမ်း၊ အညာတက္ကသိုလ်)က ဒုတိယဆု၊ သုဝဏ္ဏမြို့နေ ဒေါက်တာတင်ယု (တင်မောင်ယု)က နှစ်သိမ့်ဆု၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးသိန်းလွင် (ကိုရင်တန်)က နှစ်သိမ့်ဆုနှင့် ဘားအံမြို့နေ ဦးတင်ထွန်းအုန်း (တင်ထွန်းအုန်း)က နှစ်သိမ့်ဆု အသီးသီးရရှိကြသည်။ (၂၃)

အမှာစကား ပြောကြား

ပြန်ကြားရေး ဝန်ကြီး ဌာနက ကြီးမှူး ကျင်းပသည့် ပဲခူးတိုင်း တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ် ပြီးစီးခြင်းနှင့် အလှူငွေ၊ ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတွင်ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

✳ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်ရန်အတွက် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် နိုင်ငံသူနိုင်ငံသားအားလုံး အသိပညာနှင့် အတတ်ပညာနယ်ပယ်နှစ်ရပ်လုံးတွင် ကျွမ်းကျင်တတ်မြောက်ကြရန် လိုအပ်ကြောင်း၊ ထိုသို့ကျွမ်းကျင်တတ်မြောက်စေရန်အစဉ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ရန်လိုအပ်ကြောင်း၊ ယနေ့(၂၁) ရာစုကာလသည် ပညာထွန်းကားသည့်ကာလဖြစ်ရာ အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများ အစွမ်းကုန်ထွန်းကားလာနေကြောင်း၊ ထို့ကြောင့် ယနေ့ခေတ် လူသားတိုင်း မွေးသည်မှသေသည်အထိဘဝ၏ အဆင့်အသီးသီးတွင် သင်ယူလေ့လာမှုများ ပြုလုပ်သွားကြရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင်လည်း အမျိုးသားပညာရည် မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရှင်များက စာကြည့်တိုက်တစ်တိုက်ဖွင့်လှစ်ခြင်းသည် ထောင်တံခါးတစ်ချပ် ပိတ်လိုက်ခြင်းဖြစ်သည်ဟု မိန့်ဆိုခဲ့ကြကြောင်း၊ ယခုအခါ ပဲခူးတိုင်းအတွင်း၌ရှိသည့် ကျေးရွာအားလုံးတွင် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခြင်းသည် ထောင်တံခါးအချပ်ပေါင်းများစွာ ပိတ်လိုက်ခြင်းဖြစ်သည်ဟု ဂုဏ်ယူစွာ ပြောကြားလိုကြောင်း။

တိုက်တွန်းနှိုးဆော်

စာကြည့်တိုက်များတွင် စာအုပ်စာပေများ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုနိုင်ရေးအတွက် အမြော်အမြင်ရှိပြီး စေတနာပြည့်ဝသည့် နိုင်ငံကိုတိုးတက်စေလိုသူများက စာအုပ်စာပေများ များပြားပြည့်စုံလာစေရန်၊ အဆောက်အအုံများတည်တံ့တိုးတက်လာစေရန် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ထပ်မံတိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။

"အလိမ္မာစာမှာရှိသည်"ဟူသော စကားနှင့်အညီ နိုင်ငံတော်တစ်ခုလုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပေးနေခြင်းဖြစ်၍ ပြည်သူများ ပညာပြည့်ဝနလုံးလှစေရန် တာဝန်ရှိသူအားလုံးက စာကြည့်တိုက်လုပ်ငန်းများ အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်နေအောင် စေတနာရှေ့ထားပြီး ဆောင်ရွက်ကြပါ၊ စာကြည့်တိုက်ကို ကျေးရွာနေပြည်သူများ အသုံးချတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိပြန့်ပွားအောင် ဆောင်ရွက်ပေးကြပါ၊ စာကြည့်တိုက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် စာအုပ်စာစောင်များ၊ ပရိဘောဂများ၊ စာကြည့်တိုက် အဆောက်အအုံများ ယခုထက်ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းမှာကြားသွားသည်။

တိုင်းလုံးကျွတ်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ပဲခူးတိုင်းအတွင်းရှိ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ ကြွယ်ဝစေရေးအတွက် ပဲခူးတိုင်း တိုင်းလုံးကျွတ်ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အောင်ပွဲအခမ်းအနားဖြစ်၍ နိုင်ငံတော်အတွက်လည်းကောင်း၊ ပဲခူးတိုင်းအတွက်လည်းကောင်း၊ ကျေးလက်ဒေသနေ ပြည်သူများအတွက်လည်းကောင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အခမ်းအနားတစ်ခုဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တိုင်းလုံးကျွတ်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပဲခူးတိုင်းမှ စေတနာရှင် အလှူရှင်များကိုလည်း ကျေးလက်ပြည်သူများ ကိုယ်စား၊ မိမိတို့ ဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ရာ လူ့ဘောင်အဖွဲ့အစည်း၏ လုပ်ငန်းကိစ္စအဝဝဖြစ်သည့် ကုန်ထုတ်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် နည်းပညာများကို အသုံးပြု၍ ဆောင်ရွက်နေကြရကြောင်း၊ နောင်အနာဂတ်တွင်လည်း မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ထိုကဲ့သို့ပညာဖြင့် အရာရာကိုစေစားနိုင်သည့် အခါသမယတွင် မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း မလိုက်နိုင်ပါက နစ်နာဆုံးရှုံးမှုများစွာ တွေ့ကြုံကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အမျိုးသားပညာရည်မြင့်မားရေးအတွက် အနှစ် ၃၀ နှစ်ရှည် စီမံကိန်းချမှတ်ဆောင်ရွက်ကာ ပညာရည်မြင့်မားရေးကို အလေးပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

လက်လှမ်းတမီသင်ယူနိုင်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲသင်ယူ လေ့လာနေသော လူ့ဘောင်ဖြစ်စေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ယနေ့လူငယ်လူရွယ်များသည် မိမိတို့နိုင်ငံအတွင်း၌ပင် နိုင်ငံတကာအဆင့်မီပညာရပ်များကို အလွယ်တကူ လက်လှမ်းတမီသင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနေကြပြီဖြစ်ကြောင်း။

ထိုကဲ့သို့ တစ်ဖက်ကလည်း အခွင့်အလမ်းများ ပွင့်လန်းနေသော်လည်း အခြားတစ်ဖက်ဖြစ်သည့် မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများမှာ အသိပညာမြင့်မားရန် ၊ ဗဟုသုတတိုးပွားရန် အခွင့်အလမ်းနည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရန် စီမံချက်ချမှတ် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းစီမံကိန်းကို ၂၀၀၄–၂၀၀၅ ခုနှစ်မှ စတင်၍ဆောင်ရွက်ခဲ့ရာ နိုင်ငံအတွင်း၌ ကျေးရွာ ၆၁၉၄၉ ရွာရှိသည့်အနက် ၂၀၀၆ ခုနှစ် ဧပြီ ၁၈ရက်နေ့အထိ စာရင်းများအရ ကျေးရွာပေါင်း ၅၃၅၅၄ ရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်တည်ထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပဲခူးတိုင်းတွင် ကျေးရွာပေါင်း ၆၆၀၂ ရွာရှိသည့်အနက် ကျေးရွာတိုင်း အားလုံးစာကြည့်တိုက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ပထမဦးဆုံးသော ကျေးရွာတိုင်း၌ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်တော့မှာဖြစ်ကြောင်း၊ မိမိတို့သည် အမျိုးသားရေးတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်သည်ဟု ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ အမျိုးသားရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့် စေတနာရှင် အလှူရှင်တို့၏ အားသုံးအား ပေါင်းစည်းမှုကြောင့်ဖြစ်ကြောင်း၊ စေတနာရှင် အလှူရှင်များ၏အားမှာ အရေးပါလှကြောင်း၊ မိမိတို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ(၁၃)ကြိမ်ကျင်းပခဲ့ရာ အလှူရှင်များထံမှ စာအုပ်စာစောင်ပေါင်း သိန်း ၂၀ကျော်၊ ရုပ်မြင်သံကြားနှင့် ရေဒီယို ၁၂၂၀၊ ငွေသားကျပ် ၇၁၃သိန်းကျော်အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၅၃သိန်းကျော် လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် အလှူရှင် ပြည်သူများက ငွေပဒေသာပင်ကျပ် ၁၂၄သိန်းခွဲအပါအဝင် စာအုပ်စာပေ၊ ရေဒီယို၊ ရုပ်မြင်သံကြားစက်နှင့် ပရိဘောဂများ တန်ဖိုးစုစုပေါင်း ငွေကျပ် ၅၇၈၉၉၀၀၀ ကို လှူဒါန်းကြမည်ဖြစ်ကြောင်း၊ ယနေ့လှူဒါန်းလိုက်သော စာအုပ်စာစောင်များနှင့် ပစ္စည်းများကို ပဲခူးတိုင်းအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၌သာ အသုံးပြုသွားမည်ဖြစ်ကြောင်း။

အားသုံးအား

ထိုကဲ့သို့ အောင်မြင်မှုရရှိခြင်းမှာ အားသုံးအားကြောင့်ဖြစ်ရာ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ၎င်းအားသုံးအားဖြင့် ဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်မှုများ မလွဲမသွေရရှိမည်ဖြစ်ကြောင်းကို တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ထူထောင်ပြီးသား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည့်တံ့ခိုင်မြဲစေရေးအတွက်လည်း ရေရှည်လုပ်ငန်းစဉ်(၅)ရပ်ဖြင့် ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီး စာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက်အဆောက်အအုံ မရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများ စုံလင်စွာရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာကြည့်တိုက် ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ရရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း။

ယင်းလုပ်ငန်းစဉ်များကို ဒေသဆိုင်ရာအာဏာပိုင်များ၊ စာကြည့်တိုက်ကော်မတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိမိတို့ဌာနမှ ဝန်ထမ်းများဟူသော အားလေးအားဖြင့် ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

စာအုပ်များလှူဒါန်း

ယင်းနောက် အလှူငွေ၊ ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်း အစီအစဉ်ကို ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ တောင်ငူခရိုင်အတွင်းရှိ အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၄သိန်းနှင့် ပဲခူးခရိုင်အတွင်းရှိ အလှူရှင်များနှင့် ပြည်သူများ၏ လှူဒါန်းငွေကျပ် ၃၁သိန်းငါးသောင်းကိုလည်းကောင်း၊ ပြည်ခရိုင်အတွင်းရှိ အလှူရှင်များနှင့် ပြည်သူများ၏ လှူဒါန်းငွေကျပ် ၁၄သိန်းနှင့် သာယာဝတီခရိုင်အတွင်းရှိ အလှူရှင်များနှင့် ပြည်သူများက လှူဒါန်းသည့် ငွေကျပ် ၃၂သိန်းကို လည်းကောင်း လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့တို့က လှူဒါန်းသည့် ငွေကျပ်ငါးသိန်းစီကိုလည်းကောင်း၊ ပဲခူးတိုင်း ငါးလုပ်ငန်း ဦးစီးဌာနက လှူဒါန်းသည့် ငွေကျပ်သုံးသိန်း၊ စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန် ပဲခူးမြို့ ဥဿာကျော် ကုမ္ပဏီမှ ဦးခင်သောင်း လှူဒါန်းသည့် ငွေကျပ် ၁၅သိန်း၊ ရွှေခရားအချိုရည် လုပ်ငန်းမှဦးအောင်ကြည် လှူဒါန်းသည့် ငွေကျပ် ၁၈သိန်း၊ ဇီးကုန်းမြို့ ရွှေမေတ္တာဆန်စက်မှ ဒေါ်မြင့်မြင့်သောင်း လှူဒါန်းသည့် ငွေကျပ်တစ်သိန်းတို့ကိုလည်းကောင်း လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်ထံသို့ ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းထားသည့် ရုပ်မြင်သံကြားစက်များ၊ ရေဒီယိုများနှင့် ဘက်ထရီအိုးများကို တိုင်း၊ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက အသီးသီး ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းထားသော ပရိဘောဂများနှင့် စာအုပ်စာစောင်များကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရာတွင် ပထမဆုရ ပဲခူးမြို့နယ်၊ ဒုတိယဆုရ တောင်ငူမြို့နယ်၊ တတိယဆုရ သာယာဝတီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပဲခူးတိုင်း(အရှေ့ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန့်ဇင်နှင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးစိန်တိုးတို့က တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလံကို ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်ထံ ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဧည့်သည်တော်များသည် အလှူရှင်များလှူဒါန်းထားသည့် စာအုပ်စာစောင်များ၊ ပစ္စည်းများနှင့်ပဲခူးတိုင်းအတွင်း ကျေးရွာကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်ခြင်း အထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ပဲခူးတိုင်း တိုင်းလုံးကျွတ်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင် အသီးသီးတို့က ရုပ်မြင်သံကြားစက် ၂၃၇လုံး၊ ရေဒီယို ၆၁၅လုံး၊ ဘက်ထရီ ၄၄၂လုံး၊ အဆောက်အအုံ တန်ဖိုးငွေကျပ် ၆၃သိန်း၊ တန်ဖိုးငွေကျပ် ၅၅၉၀၀၀၀ ရှိ စာအုပ် စာစောင် ၁၃၁၁၀ နှင့် ငွေသားကျပ် ၁၂၄သိန်းငါးသောင်း အပါအဝင် စုစုပေါင်းငွေကျပ် ၅၇၈၉၉၀၀၀ လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ကြော်ငြာများလက်ခံပြီ

ဒို့ကျေးရွာဂျာနယ်သည် မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့နယ်ပေါင်း ၃၀၀ ကျော်သို့ စောင်ရေ ၁၄၀၀၀ ကျော်ဖြင့် တစ်လ နှစ်ကြိမ်ဖြန့်ချိလျက်ရှိပါသည်။

လူကြီးမင်းများ၏ ကုန်ပစ္စည်းများအား ဒို့ကျေးရွာဂျာနယ်တွင် ကြော်ငြာခြင်းဖြင့် ကျေးလက်ဒေသနေ ပြည်သူလူထုအထိ သိရှိအောင် ဆောင်ရွက်နိုင်ပါမည်။

လူကြီးမင်းများ၏ ကုန်ပစ္စည်းများအား နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုများ သိရှိအောင် ဒို့ကျေးရွာဂျာနယ်မှ ကူညီဖော်ပြပေးလိုပါသည်။

ဆက်သွယ်ရန်–
အမှတ်(၂၂)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊
ဖုန်း–၂၇၁၃၄၀၊ ၂၇၁၃၄၂။

(13-5)08.P65 1 32/6/2, 2:37 PM

▲ လူတိုင်းအသက် ၄၀ ကျော်မှ

ဖြစ်ပွားမှုမှာ နိုင်ငံလူဦးရေ၏ ၁၆ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၂၀ အထိဖြစ်သည်ဟု သိရှိရပါသည်။ ထိုပမာဏမှာ ကျန်းမာရေးဆိုင်ရာ ကိန်းဂဏန်းများအရ မသေးငယ်လှ။ ယနေ့ မေ ၁၃ ရက်တွင် ကျရောက်သော ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးအထိမ်းအမှတ်နေ့၏ ရည်ရွယ်ချက်ဖြစ်သည့် သွေးတိုးရောဂါနှင့် သွေးတိုးရောဂါ၏ ကြောက်မက်ဖွယ်ကောင်းသော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ပြည်သူများ ကောင်းစွာသိရှိစေရန် အသိပညာဖြန့်ဖြူးနိုင်ပြီး သွေးတိုးရောဂါကို ဖော်ထုတ်ကုသ ကာကွယ်နိုင်ခြင်းဖြင့် ပြည်သူများ ကျန်းမာရေးနှင့်ဆိုင်သော လူမှုစီးပွားဒုက္ခအဝဝမှ ကင်းလွတ်သက်သာရန် ရည်ရွယ်ကာ ကြေးမုံသတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်မန်နေဂျာ ဒေါက်တာ ဒေါ်ခင်မေစန်း(ဌာနမှူး၊ နှလုံးရောဂါဆေးကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)နှင့် တွေ့ဆုံမေးမြန်းကာ သွေးတိုးရောဂါ ကာကွယ်ကုသရေးဆိုင်ရာ သိကောင်းစရာများကို ဖော်ပြလိုက်ပါသည်။

ကြေးမုံ။ ။သွေးတိုးရောဂါရဲ့ ဖွင့်ဆိုချက်နဲ့ ရောဂါရှိ၊ မရှိ စစ်ဆေးတွေ့ရှိပုံကို သိပါရစေ။

ဖြေ။ ။ သွေးတိုးရောဂါဆိုတာဟာ သွေးပေါင်ချိန် တက်နေခြင်းကို ဆိုလိုပါတယ်။ သွေးပေါင်ချိန်မှာ လူ၏ခန္ဓာကိုယ်အနှံ့အပြား အာဟာရအတွက် နှလုံးက သွေးကို ညှစ်ထုတ်လိုက်ရာမှာ အဲဒီသွေးက သွေးလွှတ်ကြောများရဲ့ နံရံများကို ထိပါးလာတဲ့ အရှိန်အဟုန်ပဲဖြစ်ပါတယ်။ အပေါ်သွေးဟာ နှလုံးခုန်ပြီးပြီးချင်း ဖြစ်ပေါ်လာတဲ့ သွေးချိန်ဖြစ်ပြီး နှလုံးခုန်ခေတ္တရပ်နားချိန်တွင် တိုင်းလို့ရသည့် အောက်သွေးထက်များပါတယ်။ သွေးလွှတ်ကြောတွေထူလာရင်သော် လည်းကောင်း၊ သွေးလည်ပတ်မှု ပုံမှန်ဖြစ်စေဖို့ နှလုံးကအားစိုက်ပြီး ညှစ်ပေးရရင်လည်းကောင်း သွေးပေါင်ချိန်များ တက်လာပါတယ်။

သွေးတိုးရောဂါ ရှိ၊ မရှိ သိနိုင်ဖို့ သွေးပေါင်ချိန်ကြည့်ဖို့လိုအပ်ပါတယ်။ လူအများစုဝေးရာ နေရာများမှာ မကြာခဏ သွေးပေါင်ချိန်ပေးရန် လိုအပ်ပါတယ်။ တစ်ဦးချင်းအနေဖြင့်လည်း အသက်(၄၀)ကျော်လာရင် အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် သွေးပေါင်ချိန်ဖို့ လိုအပ်ပါတယ်။ သွေးတိုးကြောင့် ရောဂါလက္ခဏာများ ပေါ်လာလျှင်လည်း သွေးပေါင်ချိန်ကြည့်ရန် လိုအပ်ပါတယ်။

ကြေးမုံ။ ။ သွေးတိုးရောဂါ စွဲကပ်ခံစားလာရပါက ရောဂါလက္ခဏာ ပြသနိုင်ပါသလား။

ဖြေ။ ။သွေးတိုးရောဂါရဲ့ ရောဂါလက္ခဏာသက်သက်ရယ်လို့ မရှိပါဘူး။ ခေါင်းကိုက်ဇက်ထိုးခြင်း၊ မူးဝေထိုင်းမှိုင်းခြင်းတို့ ခံစားတတ်ကြရပါတယ်။ သွေးတိုးရောဂါဖြစ်ပွားမှုကြာရှည်ရင် အကျိုးဆက်များဖြစ်တဲ့ လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ နှလုံးနဲ့ကျောက်ကပ် ပျက်စီးခြင်းတို့ နောက်ဆက်တွဲဖြစ်လာနိုင်ပါတယ်။ သွေးတိုးရောဂါရှိတိုင်းလည်း ရောဂါလက္ခဏာမပြပါဘူး။ လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းတို့ ရုတ်တရက်ဖြစ်ပေါ်လာပြီး အမှတ်မထင် အသက်ဆုံးရှုံးတတ်ပါတယ်။ ဒါကြောင့် သွေးတိုးရောဂါကို အသံတိတ် လူသတ်သမားလို့ ကင်ပွန်းတပ်ကြပါတယ်။ သွေးတိုးရောဂါဟာ နှလုံးနဲ့ သွေးကြောကျဉ်းရောဂါကို ဖြစ်စေတဲ့ အရေးပါတဲ့ ရှေ့ပြေးအခြေအနေတစ်ခုဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများမှာ အသက်ဆုံးရှုံးမှု ရာခိုင်နှုန်း ၄၀ နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အသက်ဆုံးရှုံးမှု ၂၅ရာခိုင်နှုန်းတို့ဟာ နှလုံးနှင့် သွေးကြောရောဂါများကြောင့်ဖြစ်ပါတယ်။ သွေးပေါင်ချိန်နဲ့ နှလုံးသွေးကြောရောဂါတို့ဟာ တိုက်ရိုက်ဆက်နွယ်လျက်ရှိပါတယ်။

ကြေးမုံ။ ။ သွေးတိုးရောဂါနဲ့ နောက်ဆက်တွဲ ရောဂါများအကြောင်း ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ သွေးတိုးရောဂါကြောင့် နှလုံးညှစ်အားနည်းလာပြီး ခြေထောက်တွေ ဖောရောင်လာပြီး မောလာတယ်၊ အသက်ရှူကျပ်လာတယ်၊ လေဖြတ်နိုင်တယ်။ ကျောက်ကပ်ပျက်စီးနိုင်တယ်။ မျက်စိလည်း ပျက်စီးနိုင်တယ်၊ နောက်သွေးတိုးရောဂါက သူ့ရဲ့အကျိုးဆက်တွေတင်မကသေးဘူး၊ သွေးတိုးရောဂါနဲ့ အကုန်ယှဉ်တွဲပြီးတော့ အခြားရောဂါတွေလည်း ရှိတယ်။ သွေးတိုးရောဂါက ဘာကို အားပေးသလဲဆိုတော့ နှလုံးသွေးကြောကျဉ်းရောဂါကို အားပေးတယ်။ နှလုံးသွေးကြောကို ပိတ်စေတယ်။ ဆီးချိုရောဂါကိုလည်း တွဲဖြစ်တတ်စေတယ်။ အဆီများတဲ့ရောဂါကိုလည်း တွဲဖြစ်စေတယ်။ သွေးတိုးရောဂါရှိတဲ့ သူတွေဟာ ဆေးလိပ်သောက်လို့ရှိရင် တခြားရောဂါဖြစ်တဲ့ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်နိုင်ပါတယ်။

ကြေးမုံ။ ။ မြန်မာနိုင်ငံအနေနဲ့ သွေးတိုးရောဂါဖြစ်ပွားမှုနှုန်း သိပါရစေ။

ဖြေ။ ။ ကျွန်မတို့ မြန်မာနိုင်ငံအတွက် သွေးတိုးရောဂါဖြစ်ပွားမှုနှုန်းကို ကောက်ယူထားတဲ့ သုတေသနစစ်တမ်းတွေရှိပါတယ်။ လူဦးရေ ရာခိုင်နှုန်း ၂၀ လောက်မှာ သွေးတိုးရောဂါဖြစ်ပွားနေတာကို တွေ့ရှိရပါတယ်။ ကျေးလက်နဲ့ မြို့ပြရောဂါဖြစ်ပွားမှုနှုန်း မကွာခြားလှတာ တွေ့ရပေမယ့် တချို့မြို့ပြမှာရှိတဲ့ မြို့နယ်တွေမှာတော့ ရာခိုင်နှုန်း ၃၀ ပမာဏလောက်တောင်ရှိတာ တွေ့နိုင်တယ်ဆိုတော့ ကွာခြားချက်က ရှိကောင်းရှိနိုင်ပါတယ်။ အမျိုးသားနဲ့အမျိုးသမီး ရောဂါဖြစ်ပွားမှုနှုန်း သိပ်မကွာပါဘူး။ အိမ်နီးချင်းနိုင်ငံတွေမှာလည်း သွေးတိုးရောဂါ ဖြစ်ပွားမှုနှုန်းဟာ ၂၀ မှ ၂၅ရာခိုင်နှုန်းရှိသည့်အတွက် ကျွန်မတို့နိုင်ငံမှာ သွေးတိုးဖြစ်မှုနှုန်းဟာ ပုံမှန်အနေအထားပဲရှိတယ်လို့ ပြောနိုင်ပါတယ်။ ရောဂါဖြစ်ပွားမှုဟာ ငါးယောက်မှာ တစ်ယောက်ဆိုတော့ သိပ်နည်းတဲ့ ပမာဏတော့ မဟုတ်ပါဘူး။

ကြေးမုံ။ ။ သွေးတိုးရောဂါ ဖြစ်ပွားမှုဟာ အသက်အရွယ်၊ မျိုးရိုးဗီဇတို့နဲ့ ရော သက်ဆိုင်ပါသလား။

ဖြေ။ ။ အများအားဖြင့် အသက်ကြီးလာတဲ့အခါမှာ သွေးကြောတွေ မာကျစ်လာပြီး သွေးတိုးလာတတ်ပါတယ်။ ငယ်ငယ်တုန်းက သွေးပေါင်ချိန် အပေါ်သွေး ၁၀၀၊ အောက်သွေး ၇၀၊ အသက်အရွယ်လေး ရလာတဲ့အခါမှာ ၁၂၀–၈၀၊ ၁၃၀–၈၀၊ ၁၄၀–၈၀ သွေးပေါင်ချိန်တွေက တက်တက်လာတယ်။ ဒီလိုတက်လာရင်းနဲ့ အသက် ၅၀ ကျော်လာတဲ့အခါမှာ သွေးတိုးတဲ့လူပမာဏဟာ အသက် ၅၀ ကျော် လူဦးရေရဲ့ ရာခိုင်နှုန်း ၅၀ လောက်ဟာ သွေးချိန်လေးတွေ တက်လာတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကောက်ယူတဲ့ စစ်တမ်းအရ သိရပါတယ်။ ဒါကြောင့်မို့လို့ အသက်အရွယ်အလိုက် ဖြစ်တဲ့ရောဂါလို့ ပြောရင်လဲ မမှားပါဘူး။ အများစုကတော့ အသက်ကြီးလာရင် သွေးတိုးတတ်ပါတယ်။ နောက်တစ်ခုကတော့ မျိုးရိုးလိုက်တတ်သလားလို့ မေးတဲ့အခါမှာလည်း မိဘဆွေမျိုးထဲမှာ သွေးတိုးရောဂါရှိလို့ရှိရင်လည်း သူက သွေးတိုးရောဂါ ပိုဖြစ်တတ်တဲ့အတွက်ကြောင့်မို့လို့ မျိုးရိုးလိုက်တတ်တဲ့ ရောဂါဖြစ်နိုင်တယ်လို့ ကျွန်မတို့က ပြောနိုင်ပါတယ်။ အတိအကျ ဘယ် Gene ကြောင့် ဘာဖြစ်တယ်ဆိုတာကတော့ အခုထိ တိတိကျကျ သုတေသနပြု မတွေ့ရှိရသေးပေမယ့် ခန့်မှန်းခြေအားဖြင့် မျိုးရိုးဗီဇကလည်း တော်တော်လေး အရေးကြီးတယ်ဆိုတာ ကျွန်မတို့ တွေ့ရှိရပါတယ်။

ကြေးမုံ။ ။ သွေးတိုးရောဂါဟာ စားသောက်နေထိုင်မှုဘဝနဲ့ ဘယ်လိုဆက်စပ်မှုရှိပါသလဲ။

ဖြေ။ ။ လူနေမှုဘဝနဲ့ကတော့ အငန်စားရင် သွေးတိုးတယ်ဆိုတာ တိတိကျကျ သိပါတယ်။ လူဟာဝတယ်၊ အလေးချိန်များတယ်ဆိုရင် သွေးတိုးတတ်ပါတယ်။ အရက်များများသောက်ရင် သွေးတိုးတတ်ပါတယ်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးတဲ့လူတွေလည်း သွေးတိုးတတ်ပါတယ်။ ဆေးလိပ်သောက်တာကတော့ သွေးမတိုးစေပါဘူး။ ဒါပေမယ့် သွေးတိုးဝေဒနာရှင်တစ်ယောက်ဟာ ဆေးလိပ်သောက်မယ်ဆိုရင် သူမှီဝဲနေတဲ့ သွေးတိုးကျဆေးတွေရဲ့ အာနိသင်ကို လျော့ပါးစေပါတယ်။

ကြေးမုံ။ ။ကျန်းမာရေးနဲ့ညီညွတ်အောင် နေထိုင်စားသောက်မှု ပြုလုပ်ပါသော်လည်း ဝေဒနာရှင်တစ်ဦးအနေနဲ့ ရောဂါသက်သာလျော့ပါးခြင်းမရှိပါက ဘယ်လိုဆက်လက်လုပ်ဆောင်ရမလဲ ညွှန်ပြပေးပါခင်ဗျာ။

ဖြေ။ ။ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နေထိုင်စားသောက်မှုဆိုရာမှာ အသီးအနှံတွေ၊ ဟင်းသီးဟင်းရွက်တွေ များများစားရမယ်၊ အငန်လျှော့စားတာ၊ အရက်၊ ဆေးလိပ်မသောက်တာ၊ ကိုယ်လက်လှုပ်ရှားမှု တစ်ပတ်ကို အနည်းဆုံး ငါးရက်၊ တစ်နေ့ကို အနည်းဆုံး မိနစ် ၃၀ ကနေ မိနစ် ၆၀ အနည်းဆုံးလုပ်ရမယ်၊ ဒါတွေ အကုန်လုံးလုပ်မယ်ဆိုရင် သွေးပေါင်ချိန် တော်ရုံတန်ရုံ တက်တဲ့သူတွေ ကျသွားနိုင်ပါတယ်။ ကိုယ်လက်လှုပ်ရှားမှုလုပ်လိုက်တယ်၊ အငန်တွေရှောင်လိုက်တယ်၊ လူက ပိန်သွားတယ်ဆိုရင် တစ်ခါတလေ ဆေးသောက်စရာမလိုဘဲနဲ့ သွေးတိုးရောဂါ သိပ်မရှိတဲ့လူဟာ ပုံမှန်သွေးပေါင်ချိန်ဖြစ်သွားအောင် ကျတတ်ပါတယ်။ ဒါတွေ အရင်လုပ်ကြည့်ရပါမယ်။ ဒါတွေ လုပ်ကြည့်လို့မှ သွေးတိုးမကျရင်တော့ ဝေဒနာရှင်ဟာ ဆေးတွေကို မှီဝဲရပါမယ်။ လိုအပ်တဲ့ဆေးကို ဆရာဝန်ရဲ့ ညွှန်ကြားချက်နဲ့ သောက်ရမှာဖြစ်ပါတယ်။

ကြေးမုံ။ ။ သွေးတိုးရောဂါ မရှိသူများနဲ့ ရောဂါရှိသူများအတွက် ဆောင်ရန်/ရှောင်ရန် အချက်များ ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ လူတိုင်းဟာ အသက် ၄၀ ကျော်လာလို့ရှိရင် သွေးပေါင်ချိန်ကို မှန်မှန်ချိန်ကြည့်ပါ၊ သွေးတိုးရောဂါရှိတယ်ဆိုရင် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နေထိုင်စားသောက်မှုတွေ ပြုကျင့်ရပါတယ်။ သွေးကလည်း တစ်ခါတည်းချိန်ရုံနဲ့ သွေးတိုးရှိတယ်လို့ ပြောလို့မရပါဘူး။ အနည်းဆုံး သုံးခါလောက်ချိန်ရပါမယ်။ သွေးတိုးရှိတယ်လို့သိရင် ဆရာဝန်ရဲ့ ညွှန်ကြားချက်ကို လိုက်နာတာ အကောင်းဆုံးဖြစ်ပါတယ်။ ရှောင်ရန်ကတော့–

(၁) အငန်အလွန်အကျွံမစားပါနဲ့၊

(၂) အရက် အလွန်အကျွံမသောက်ပါနဲ့၊

(၃) ကိုယ်အလေးချိန်ချပါ၊

(၄) ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းလုပ်ပါ၊

(၅) စိတ်ကိုတည်ငြိမ်အောင် စိတ်ဖိစီးမှု(Stress)ကို လျော့စေတဲ့ ဥပမာ – တရား ထိုင်တာတို့၊ ဘာတို့ နည်းလမ်းတွေ ရှာပါ၊ စိတ်ပျော်ရွှင်အောင် ထားပါ။ ဆရာဝန်ကို မှန်မှန်ပြပြီးနောက် ပေးတဲ့ ဆေးတွေကို အမြဲတမ်း တိတိကျကျ သောက်ခြင်းဖြင့် သွေးတိုးရောဂါကို ကာကွယ်ကုသနိုင်ပါလိမ့်မယ်လို့ ပြောလိုပါတယ်။ ။ (ကြေးမုံ)

ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

၂၀၀၆–ခုနှစ်၊ မေလ(၁၃)ရက်

❑ ကျောဖုံးမှ

ချမ်းအေးသာစံမြို့နယ်မှ ဦးသန်းထွေး၊ ဦးအောင်ဝင်း–ဒေါက်တာကြည်ကြည်ဝင်းမိသားစု၊ ဦးသိန်းတန်၊ ရွှေပြည်သာရွှေထုတ်လုပ်ရေးကုမ္ပဏီတို့က ငွေကျပ်တစ်သိန်းစီအပါအဝင် အလှူရှင်အသီးသီးမှ စုစုပေါင်း အလှူငွေကျပ် ၁၆ သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းကြက်ခြေနီတပ်ဖွဲ့မှူးကြီး ရဲမှူးကြီး အောင်ထွဋ်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရာသက်ပန်အသင်းဝင်ဆန္ဒပြုလွှာများအဖြစ် တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဆန္ဒပြုလွှာ အစောင် ၅၀၊ တိုင်းပညာရေးမှူးရုံးမှ ဆန္ဒပြုလွှာအစောင် ၅၀၊ တိုင်းမီးသတ်ဦးစီးဌာနမှ ဆန္ဒပြုလွှာအစောင် ၅၀ တို့ကို ပေးအပ်ရာ တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ထွန်းက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အင်တာနက်သတင်း

နိုင်ဂျီးရီးယား၌ ရေနံပိုက်လိုင်းပေါက်ကွဲ လူ ၂၀၀ ခန့် သေဆုံးဟု ဆို

အီလာဒို(နိုင်ဂျီးရီးယား) မေ ၁၂

နိုင်ဂျီးရီးယားနိုင်ငံ အနောက်တောင်ပိုင်းဒေသကို ဖြတ်သန်း၍ သွယ်ထားသော ရေနံပိုက်လိုင်းတစ်ခု မေ ၁၂ရက်က ပေါက်ကွဲမီးလောင်မှုဖြစ်ပွားသည့်အတွက် လူ ၂၀၀ ခန့် အသက်ဆုံးရှုံးသွားကြောင်း မီဒီယာသတင်းများ ထွက်ပေါ်လာသည်။

နိုင်ဂျီးရီးယားနိုင်ငံ၏မြို့တော် လေဂို့စ်၏အရှေ့ဘက် ၂၅မိုင်အကွာနေရာရှိ အီလာဒိုကျေးရွာအနီး ပေါက်ကွဲမှုဖြစ်ပွားသွားသော ရေနံပိုက်လိုင်းဝန်းကျင်တွင် ကယ်ဆယ်ရေးသမားများ လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ အခင်းဖြစ်ပွားမှုကြောင့် သေဆုံးသွားရသူများကို စုပေါင်း၍ မြှုပ်နှံရန် စီစဉ်နေကြောင်း လေဂို့စ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ အီမယ်နျူရယ် အဒီဘာယိုက ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာတွင် မီးခိုးလုံးကြီးများ ထွက်လျက်ရှိသည်ကို အဝေးမှတွေ့မြင်နေရသည်။ ထိုနေရာတွင် မီးသတ်သမားများနှင့် ကြက်ခြေနီများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြပြီး ၎င်းတို့သည် အသက်မသေဘဲ ကျန်ရှိနေသူများကိုလည်း လိုအပ်သည်များ ဖေးမကူညီပေးလျက်ရှိသည်ဟု ကြက်ခြေနီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး အိုကွန်အူမိုက ပြောကြားသည်။

ပေါက်နေသော ရေနံပိုက်လိုင်းမှ ပန်းထွက်လာသော ရေနံများကို သယ်ယူရန် လူအများ ဝိုင်းအုံရောက်ရှိလာကြစဉ် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း သတင်းများကဆိုသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် အလားတူအဖြစ်အပျက်မျိုး မကြာခဏဖြစ်ပွားလေ့ရှိကြောင်းသိရသည်။ **အင်တာနက်**

❖ ပြည်သူလူထု၏ဆန္ဒမှ

ရည်ရွယ်ချက်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီသည် အမျိုးသားညီလာခံတွင် ပြည်သူလူထု၏ဆန္ဒကိုလျစ်လျူရှုပြီး ၎င်းတို့ ထိပ်ပိုင်းလူနည်းစုအချို့၏ သဘောဖြင့်သာ ညီလာခံမှ ကျောခိုင်းထွက်ခွာခဲ့ခြင်း၊ နိုင်ငံတော်အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလမ်းကြောင်းကို ဦးတည်လျှောက်လှမ်းနေခြင်း၊ ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ရန် NLD(ဗဟို)မှ ညွှန်ကြားမှုလုံးဝမရှိခြင်းတို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိဘဲ ပါတီလုပ်ငန်းအပေါ် လုံးဝစိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များအဖြစ်မှလည်းကောင်း၊ ညောင်ရွှေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အလုပ်အမှုဆောင်များအဖြစ်မှလည်းကောင်း အပြီးအပိုင်နုတ်ထွက်ပါကြောင်း ဖော်ပြထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃–၅–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ အတီးပြိုင်ပွဲ

၈:၁၀ ၇။ နတ်သားတောရေလှောင်တမံ

၈:၂၀ ၈။ အဆိုပြိုင်ပွဲ

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂:၀၅ ၅။ နိုင်ငံခြား ကာတွန်း ဇာတ်လမ်းတွဲ "Doraemon"

၁၂:၂၀ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ

၁၂:၄၀ ၇။ **လောကနီတိ(၃) "အမေ့သား" (မင်းမော်ကွန်း၊ပြေတီဦး၊ စိုးမြတ်နန္ဒာ၊စန်းစန်းဝင်း) (ဒါရိုက်တာ–ခင်ဇော်)**

၁:၂၀ ၈။ အကပြိုင်ပွဲ

၁:၃၅ ၉။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA နှစ်(၁၀၀)ပြည့်ပွဲတော်

၁:၃၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၁:၅၅ ၁၁။ အရေးပြိုင်ပွဲ

၂:၀၀ ၁၂။ **"အရေးကြီးလို့ပါ" (ခင်လှိုင်၊ခင်နွဲ့နွဲ့မူ)) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**

၂:၁၀ ၁၃။ ရခိုင်ချောင်းတံတား

၂:၂၀ ၁၄။ တေးဂီတအစီအစဉ်

၂:၃၀ ၁၅။ ဖွံ့ဖြိုးတိုးတက်ဝေဆာ တောင်နီစံပြကျေးရွာ

၂:၄၅ ၁၆။ International News.

၃:၀၀ ၁၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ–ပထမနှစ် (ရူပဗေဒအထူးပြု၊ သတ္တဗေဒအထူးပြုများ) (ရူပဗေဒ)

၅:၁၅ ၆။ နားဝင်ပီယံသူ့လက်သံ

၅:၂၀ ၇။ အကပြိုင်ပွဲ

၅:၂၅ ၈။ **"စက်မှုတပ်ဆင်လုပ်ငန်းတွင်" (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်) (ဒါရိုက်တာ–ဝင်းထွန်းထွန်း)**

၅:၃၀ ၉။ တေးဂီတအစီအစဉ်

၅:၄၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်

၆:၀၀ ၁၁။ ညနေခင်းသတင်း

၆:၂၅ ၁၂။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၃။ Discovery

၆:၅၅ ၁၄။ တေးဂီတအစီအစဉ်

၇:၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း–၁၃)**

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း–၄၃)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

13-5)09.P65 1 32/6/2, 2:38 PM

ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်၍ တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရှင်းလင်းပြောကြား

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် မေ ၉ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ သာကေတဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်၍ တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအားတွေ့ဆုံကာ ကိုကိုးကျွန်းမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးအား တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများနှင့် မိတ်ဆက်ပေးသည်။

ထောက်ပံ့

ယင်းနောက် တိုင်းမှူးက ဝန်ထမ်း ၂၈ ဦးတို့အတွက် ငွေကျပ် ၅၆၀၀၀၊ ခရီးသည် ၈၀ တို့အတွက် ငွေကျပ် ၈၀၀၀၀နှင့် ကိုကိုးကျွန်း မြို့နယ်၌ တာဝန် ထမ်းဆောင်လျက် ရှိသော ဝန်ထမ်း ၁၇၈ ဦးတို့အတွက် မေလ အတွက် လစဉ် ထောက်ပံ့ငွေကျပ် ၂၆၇၀၀၀ စုစုပေါင်းငွေကျပ် ၄၀၃၀၀၀ ကို တာဝန်ရှိသူများထံ ထောက်ပံ့ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးက ကိုကိုး ကျွန်းမြို့နယ် သာသနာ့မဏ္ဍိုင်ကျောင်း တိုက်သို့ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစုက လှူဒါန်းသည့်ငွေကျပ် ၁၆၁၁၅၀ တန်ဖိုး ရှိ ဘာသာရေးစာအုပ်မျိုးစုံ ၁၂၂ အုပ်ကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ မိသားစုက လှူဒါန်းသည့် ငွေကျပ် ၉၁၃၁၉၈ တန်ဖိုးရှိ ဘာသာရေးစာအုပ်မျိုးစုံ ၃၀၈ အုပ်၊ တရားတော် တိပ်ခွေနှင့် CD မျိုးစုံ၊ စာအုပ်ဗီရို၊ ဆိုလာဆဲလ်နှင့် ဆက်စပ်ပစ္စည်းများ၊ အင်ဗာတာ၊ ဘက်ထရီနှင့်မိုက်ခရိုဖုန်း တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ကိုကိုးကျွန်းမြို့နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝေက လက်ခံသည်။

ပေးအပ်

ထို့နောက် ဦးဝင်းနိုင်-ဒေါ်ချိုချို မိသားစု (ပြည့်စုံဝင်းနိုင်ကုမ္ပဏီ) က သာသနာ့မဏ္ဍိုင် ကျောင်းတိုက်နှင့် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာရုံးများ၊ ကျောင်းနှင့်ဆေးရုံတို့၌ အသုံးပြုရန် အတွက် ငွေကျပ် ၁၁၃၄၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားဖမ်းစက်ငါးလုံး၊ CD ကက်ဆက် သုံးလုံး၊ DVD ပြစက် နှစ်လုံးနှင့် Sound Box တစ်စုံတို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝေထံ ပေးအပ် ကြသည်။

ယင်းနောက် တိုင်းမှူးသည် ကိုကိုး ကျွန်းမြို့နယ်သို့ထွက်ခွာမည့်တောင်ကြီး သင်္ဘောပေါ်သို့ တက်ရောက်ကြည့်ရှု စစ်ဆေးသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန် တောင်ပိုင်းခရိုင် ကိုကိုး ကျွန်းမြို့နယ်သို့ သွားရောက် တာဝန် ထမ်းဆောင်မည့် ဌာန ဆိုင်ရာဝန်ထမ်းများအား အမှာ စကားပြောကြားစဉ်။

(သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ၏ ပဥ္စမအကြိမ်ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၂

ရန်ကုန်မြို့ဗဟန်းမြို့နယ်ကြားတောရ လမ်းရှိ မဟာသာသန ဝေပုလ္လကျောင်း အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝေပုလ္လ၏ ပဥ္စမ အကြိမ်ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆု ချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၈ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်း မြို့နယ် မြို့မရပ်ကွက် ကြားတောရ လမ်းရှိ မဟာသာသနဝေပုလ္လကျောင်း တိုက်၌ ကျင်းပမည်ဖြစ်ရာ ဗုဒ္ဓစာပေ ဆုနှင့် စာအောင်ဆု ရရှိကြသော သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ ကြွရောက် ဆုချီးမြှင့်ခြင်း ခံယူနိုင်ကြ ပါရန် ကြေညာထားသည်။

ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုရ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များမှာ ဗုဒ္ဓစာပေ(ပထမ)ဆု ဘဒ္ဒန္တ ဒီပဓဇ (သေဠကဝိ) (ပိဋကတ်နှင့် သိမှတ် စရာမြန်မာမှုများ)၊ အဂ္ဂမဟာအကျော် အရှင်ဝါသဝါ လင်္ကာရ၊ ပထမကျော် (ပထမကြီးတန်း)၊အရှင်ဓမ္မရောလင်္ကာရ ပထမလတ်တန်း (ပထမ) အရှင် ဣန္ဒကဝိသိဋ္ဌာလင်္ကာရ၊ ပထမငယ် တန်း (ပထမ) အရှင်ပညာသာရ၊ ပထမကြီးတန်း(ပထမ) (အမျိုးသမီး) ဒေါ်ဝင်းဝင်းမော်၊ ပထမလတ်တန်း (ပထမ)(သီလရှင်) မဥဇုကာရီ၊ ပထမ ငယ်တန်း(ပထမ) (သီလရှင်) ဒေါ်သော ဏာထေရီ၊ အဘိဓမ္မာ(ပထမ) ဒေါ်မြ မာလာ၊ အဘိဓမ္မာ ဂုဏ်ထူးဆောင် (ပထမ)ဦးစိုးတင့်၊ ဝိသုဒ္ဓိမဂ်(ပထမ) ဦးထွန်းလှိုင်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံ(ပထမ) မောင်ဇင်ဦးမောင်နှင့် မောင်ရှိုင်းဇော်အောင်၊ တက္ကသိုလ်ဝင် စာမေးပွဲ (ဝိဇ္ဇာ) (ပထမ)မသန္တာအောင် တို့ ဖြစ်ကြောင်း သိရှိရပြီး ဗုဒ္ဓစာပေ ဆုနှင့် စာအောင်ဆု ငွေပဒေသာပင် စိုက်ထူ လှူဒါန်းလိုကြသော အလှူရှင် များသည် ပဓာနနာယက ဆရာတော် ဦးဓမ္မတိက္ခာ မဟာသာသနဝေပုလ္လ ကျောင်းဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၃၈၀၈၆၃ သို့ ဆက်သွယ်လှူဒါန်း နိုင်သည်။ **(သတင်းစဉ်)**

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ ရန်ကုန်အနောက်ပိုင်းခရိုင်၌ ကျင်းပ

ရန်ကုန် မေ ၁၂

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ ကျန်းမာရေးနေ့ အထိမ်းအမှတ် ဟော ပြောပွဲ အခမ်းအနားကို မေ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အမှာ စကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)မှ ထောက်ပံ့သည့် ဆေးဝါးပစ္စည်း များကို ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌများထံ ပေးအပ်သည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်း ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန်က ရာသက်ပန်အသင်းဝင် အဆိုပြု လွှာ ၁၃၀၀ ကို ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ် သည်။ (သတင်းစဉ်)

လက်ဝှေ့နည်းပြဆရာသင်တန်းဆင်း

ရန်ကုန် မေ ၁၂

၂၀၀၆ခုနှစ် အိုလံပစ်သွေးစည်း ညီညွတ်ရေးအစီအစဉ်အရ အပြည်ပြည် ဆိုင်ရာအိုလံပစ်ကော်မတီ၊မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံလက်ဝှေ့ အဖွဲ့ချုပ်တို့ ပူးပေါင်းညှိနှိုင်းဖွင့်လှစ် သည့် လက်ဝှေ့နည်းပြ ဆရာသင်တန်း အဆင့်(၁)ဆင်းပွဲ ကို မေ ၉ရက်ညနေ ၄နာရီ ၄၅မိနစ်တွင်ရန်ကုန်မြို့သုဝဏ္ဏ သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ နိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အမှာစကား ပြော ကြားပြီး အပြည်ပြည်ဆိုင်ရာလက်ဝှေ့ အဖွဲ့ချုပ်မှ သင်တန်းညွှန်ကြားရေးမှူး Mr. Raed Ali Noman က နှုတ်ခွန်း ဆက်စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းကသင်တန်း ဆင်း လက်မှတ်များကို သင်တန်းသား တစ်ဦးချင်းထံပေးအပ်ပြီးရန်ကုန်မြို့တော် ဝန်နှင့် သင်တန်းညွှန်ကြားရေးမှူးတို့ သည် အမှတ်တရ ဂုဏ်ပြုလက်ဆောင် များကို အပြန်အလှန်ပေးအပ်ကြသည်။

(သတင်းစဉ်)

အမှာစကားပြော

ရန်ကုန် အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပ သည့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၅-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ **ဆရာတော်ဦးဃောသိတတရားတော် အတိတ်ကံအစွမ်းကြောင့်ဖြစ်ပေါ်လာ**
- **၉:၁၀** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၁၅** ၄။ မြန်မာ့ရှုခင်း
- **၁၂:၃၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၅၀** ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း -ကံကောင်းခြင်းလက်ဆောင် (အကယ်ဒမီ လွင်မိုး၊ အကယ်ဒမီ ထက်ထက်မိုးဦး)**
- **၁:၅၀** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၁:၅၉** ၈။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၉။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၁၅** ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- **၄:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၁၅** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၃၀** ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၅၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- **၆:၄၀** ၁၅။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
- **၆:၅၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၄၀)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
  - ၂၁။ °°°**FA Cup (Final) ဘောလုံးပွဲ -Liverpool Vs Westham °°°°United**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ တိ-နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေ-ဒေါ်ခင်မမမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း၊ မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်နှစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ နာယက ဦးလှမိုးထံ ပေးအပ် လှူဒါန်းစဉ်။ (ကြေးမုံ)

မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာရပ်ကွက်တွင် တည်ဆောက်မည့် အမှတ်(၃၂) သဲအင်းဂူ ဝိပဿနာကျောင်းတိုက်အတွက် ဒုတိယအကြိမ် ငွေလှူဒါန်းပွဲနှင့် မြေသန့်မင်္ဂလာကို မေ ၇ ရက်က ကျင်းပရာ အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက်နေ ကျားမင်းရေခဲစက်ပိုင်ရှင် ဒေါ်သန်းသန်းမိသားစုက ဒုတိယအကြိမ် အဖြစ် ငွေကျပ်သိန်း ၅၀ လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်း ဗိုလ်လုပွဲတက် မန္တလေးတိုင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ

ရန်ကုန် မေ ၁၂

၂၀၀၆ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ပထမအကြိမ်ဗိုလ်လုပွဲ အဖြစ် မန္တလေးတိုင်းအသင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းတို့သည် ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ရန်ကုန်တိုင်းအသင်း သုံးဂိုး
(မူမူလွင်-နှစ်ဂိုးနှင့် မန္တလေးတိုင်းမှ သူဇာ ကိုယ့်ဂိုးကိုယ်သွင်း-တစ်ဂိုး)
မန္တလေးတိုင်းအသင်း ဂိုးမရှိ
အကောင်းဆုံးဆု-သဲသဲချို(ရန်ကုန်)
ဒိုင်လူကြီး ဒေါ်စန်းစန်းမြင့်

လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းသည် မန္တလေးတိုင်းအသင်းကို ကစားကွက်အရရော တစ်ဦးချင်းအရပါ အသာစီးမှ တောက်လျှောက် ဖိကစားသွားပြီး ဂိုးပြတ်သွင်းယူကာ ချန်ပီယံဆုကာကွယ်ရန် ဗိုလ်လုပွဲသို့ တက်ရောက်

အကောင်းဆုံးဆုရ သဲသဲချို (ရန်ကုန်တိုင်း)။ (ကြေးမုံ)

သွားပြီဖြစ်သည်။ မန္တလေးတိုင်းအသင်းမှာ ထင်သလို ခြေစွမ်းမပြနိုင်သောကြောင့် အရေးနိမ့်ရခြင်းဖြစ်သည်။

ပွဲစကတည်းက ရန်ကုန်တိုင်းအသင်းက တရစပ်ဖိကစားသွားရာ မန္တလေးတိုင်းအသင်း တိုက်စစ်ထက် ခံစစ်ကို ဦးစားပေးကစားခဲ့ရသည်။ လက်ရွေးစင်ဟောင်း သီတာကြည် ဦးဆောင်သည့် ရန်ကုန်တိုက်စစ်သည် ဂိုးရရှိရေးအတွက် နေရာစုံမှ ထိုးဖောက်ရာ ၁၉ မိနစ်တွင် ရန်ကုန်တိုက်စစ်မှူး မူမူလွင်၏ ထိုးဖောက်ဂိုးသွင်းမှုကို မန္တလေးနောက်ခံလူ သူဇာ ဖျက်ထုတ်ရာမှ ကိုယ့်ဂိုး ကိုယ်သွင်းမိသလိုဖြစ်သွား၍ ရန်ကုန် ဖွေဆော်ဦးဂိုးရသွားသည်။

တိုက်စစ်အားပိုကောင်း

ဂိုးရရှိသွား၍ ရန်ကုန်တိုက်စစ်အားပိုကောင်းလာပြီး မန္တလေးဂိုးပေါက်ကို ခြိမ်းခြောက်လာသည်။ သို့သော် အပြီးသတ်ဂိုးသွင်းအားနည်းနေ၍ ရန်ကုန် ဒုတိယဂိုးနှင့် ဝေးနေရသည်။ ၃၉မိနစ်တွင် သမ္ဘာရင့်ကစားသမား သီတာကြည်၏ အမှတ်မထင် ကန်သွင်းချက်မှာလည်း ဘားထိထွက်သွား၍ ရန်ကုန် ဒုတိယဂိုးနှင့်ဝေးကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

မန္တလေးတိုင်း နောက်ခံလူနှစ်ဦးကြားမှ ရန်ကုန်တိုင်းအသင်း ထိုးဖောက် တိုက်စစ်ဆင်စဉ်။ (ကြေးမုံ)

ဒုတိယပိုင်းတွင်လည်း မန္တလေးကစားအား တက်မလာ၍ ရန်ကုန်က ပွဲကို ဦးဆောင်သွားပြီး ကွင်းတစ်ဝက် ဖိကစားသွားသည်။ အစပိုင်းတွင် ရန်ကုန်အသင်း တိုက်စစ်ဇုန်၌ နားလည်မှုများလွဲနေ၍ ထိုးဖောက်မှုများ မထိရောက်ဖြစ်နေသည်။ ရန်ကုန်တိုင်းအသင်းအတွက် ဒုတိယဂိုးကို ၁၉မိနစ်တွင် နီလာမြင့် ကန်တင်ပေးသော ဘောလုံးကို တိုက်စစ်မှူး မူမူလွင်က ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းတွင်လည်း ရန်ကုန်က ပွဲကို စိုးမိုးကစားသွားပြီး ၃၉မိနစ်တွင် စုငြိမ်းအေးပေးသော ဘောလုံးကို မူမူလွင် ကန်သွင်းရာ တိုင်ထိပြန်ထွက်လာစဉ် မူမူလွင်ကပင် ထပ်ဆင့်ပိတ်သွင်းယူခဲ့၍ ရန်ကုန်တိုင်းအသင်း တတိယနှင့် ပွဲသိမ်းဂိုးရရှိသွားသည်။

ဗိုလ်လုပွဲ တက်ရောက်သွားသော ရန်ကုန်တိုင်းအသင်းအား ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ၊ ရန်ကုန်တိုင်း အမျိုးသမီး အားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြလွင်နှင့် ရန်ကုန်တိုင်း ဘောလုံးအသင်း အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦးတို့က ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်း ပေးအပ်ချီးမြှင့်သည်။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ
(အောင်ဆန်းကွင်း)
ဒုတိယအကြိမ်ဗိုလ်လုပွဲ
ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်
(ကြေးမုံ)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ၊ ရန်ကုန်တိုင်း အမျိုးသမီး အားကစားအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြလွင်နှင့် ရန်ကုန်တိုင်း ဘောလုံးအသင်း အဖွဲ့ ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦး တို့က ဗိုလ်လုပွဲ တက်ရောက်သွားသော ရန်ကုန်တိုင်း အသင်းအား ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်း ချီးမြှင့်စဉ်။ (ကြေးမုံ)

သီပေါမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရပ်စုရပ်ကွက် နယ်မြေ ၁၀ နေ ဦးရှိပန်း၏ နေအိမ်၌ မေ ၁၁ ရက် နံနက် ၄ နာရီ မိနစ် ၅၀ ခန့်တွင် ဖယောင်းတိုင်မီးမှ ဝါးထရံသို့ မီးကူးစက်လောင်ကျွမ်းသည့် မီးလောင်မှုဖြစ်ပွားရာ အိမ် လေးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။ (သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ



တနင်္သာရီတိုင်းတွင် အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်

၂၀၀၆ခုနှစ် မေ ၁၂ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ဧရာဝတီ တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ ကရင်ပြည်နယ်တွင် ဖြစ်မြဲထက် ၄ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းတွင် ဖြစ်မြဲထက် ၆ဒီဂရီ စင်တီဂရိတ် ပိုခဲ့ပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖြစ်မြဲအောက် ၄ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဖြစ်မြဲအောက် ၆ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ မြင်းခြံမြို့နှင့် မင်းဘူးမြို့တို့တွင် ၃၉ ဒီဂရီ စင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဂွမြို့တွင် ၁ ဒသမ ၈၇လက်မ၊ ကန့်ဘလူမြို့တွင် ၁ ဒသမ ၄၉ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ဟုမ္မလင်းမြို့၊ ကလေးမြို့၊ မိုးကုတ်မြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် အရှေ့ အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၆ ခုနှစ် မေလ ၁၃ ရက်နေ့ ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် အနောက်တောင်မုတ်သုံလေဝင်ရောက်နိုင်သည်။

၂၀၀၆ ခုနှစ် မေလ တတိယ ရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်

လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၀ဒီဂရီဖာရင်ဟိုက်)

၁၁-၅-၂၀၀၆

အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ဒီဂရီဖာရင်ဟိုက်)

၁၂-၅-၂၀၀၆

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၁၂-၅-၂၀၀၆
နေပူသည့်နာရီပေါင်း ၂ ဒသမ ၈ နာရီခန့် ၁၁-၅-၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၂-၅-၂၀၀၆	(၀ ဒသမ ၅၁ လက်မ)	(၀ ဒသမ ၂၀ လက်မ)	(၀ ဒသမ ၃၅ လက်မ)
၁-၁-၂၀၀၆ ရက်မှ ယနေ့အထိ	(၆ဒသမ၆၂လက်မ)	(၈ဒသမ၂၃လက်မ)	(၅ ဒသမ ၉၄ လက်မ)

ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၁-၅-၂၀၀၆ ရက် ၁၂း၃၀နာရီအချိန်တွင် အနောက်ဘက်မှ တစ်နာရီ ၈ မိုင်နှုန်းတိုက်ခတ်သည်။

● ပွဲသိမ်းလက်သီးမှ

သားရွှေသွေးဆိုသည်မှာ တစ်ချိန်တစ်ခါက စောဟန်အေး အမည်ဖြင့် ဧရာဝတီတိုင်းကိုကိုယ်စားပြု၍ ပြည်နယ်နှင့်တိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့သူဖြစ်သည်။ အသဲစွဲကလည်း ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲ ဗိုလ်လုပွဲ၌အသဲလေးတစ်ပွင့် (မန္တလေး) အား အောက်ခြေပိုင်းကန်ချက်များဖြင့် မထောက်နိုင်အောင်ကန်ပြီး ရွှေတံဆိပ်နှင့် ထိုက်တန်ကြောင်း ပြခဲ့သူဖြစ်သည်။ ထို့ပြင် အလုံး၊ အချုပ်ကျွမ်းကျင်ပြီး အဝင်အထွက်ရဲတင်းသည်။ ထို့ကြောင့်ပင် လက်သီးမောင်မောင်မှာ အသဲစွဲ၏ ချောင်ပိတ်တိုက်ခိုက်မှုကို မခုခံနိုင်အောင် ဖြစ်နေသည့်အတွက်ဒိုင်ပွဲရပ်ဖြင့် ထွက်ခဲ့ရခြင်းဖြစ်သည်။

၎င်းဝိတ်တန်း၌ပင် သိုးကောင်း (မြန်မာပြည်သား)နှင့် ဒေါနအောင် (ကျွဲမင်း)တို့တွေ့ကြဦးမည်။သိုးကောင်းက မြန်မာပြည်သား ရိုးရာလက်ဝှေ့အဖွဲ့၏ အားထားရသော လက်ဝှေ့သမားတစ်ယောက်ဖြစ်သည်။ ဆရာတွံတေး (ဦး)သန်းလွင်၏တပည့်ပီပီ ထိုးလုံးသတ်ကွက်လှပပြီး ပါးနပ်လိမ္မာသည့်အတွက် သူ့ထက်လူကောင်သာသော ဝမ်းစတား (ဇာနည်မောင်) ပင်လျှင် MCC ပွဲ၌ သရေကျအောင် မနည်းထိုးသွားရသည်။

ဒေါနအောင် (ကျွဲမင်း)ကလည်း သပ်ရပ်မြန်ဆန်ပြီး ပြင်းထန်တိကျသည့် ခြေကန်ချက်များဖြင့် သူ့ထက်အကောင်ကြီးသူများကိုပင် တုံးခနဲလဲကျစေခဲ့သူဖြစ်သည်။ တစ်ဖက်နိုင်ငံ၌ ပွဲတိုးခဲ့ဖူးသော ဒေါနအောင်၏ အပုံစားခြေကန်ချက်များကပင် ဆီမီးမှ ကျော်တက်သွားလေမည်လား၊ သိုးကောင်း၏ သမ္မာကျသော သတ်လုံးသတ်ကွက်များကပင် ဗိုလ်လုပွဲ တက်လှမ်းစေနိုင်မည်လား ဆိုသည်ကို အသေအချာစောင့်ကြည့်ရပါလိမ့်မည်။

၅၇ကီလို ဖယ်သာဝိတ်တန်းတွင် လူလေးအောင် (တောင်ကလေး)ဆေးမအောင်သည့်အတွက် ချွေးမထွက်ဘဲ ဆီမီးတက်လာသည့် ကျော်ဆန်း (KLN)နှင့် မိုက်ခဲ(ကျွဲမင်း)တို့ တွေ့ကြမည့်ပွဲကလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ မိုက်ခဲက နာမည်နှင့်လိုက်အောင်တုံးတိုက်တိုက် ကျားကိုက်ကိုက် ထိုးသတ်တတ်သူ ဖြစ်သည်။ တော်တန်ရုံလက်သီးများကိုဖြင့် မိုက်ခဲကမမှု။ တိုးဝင်ဖမ်းချုပ်ပြီး ပွဲသိမ်းသွားအောင်လုပ်နိုင်သည့် စွမ်းရည်မျိုးပိုင်ဆိုင်ထားသည်။ ကျော်ဆန်းက ပြည်နယ်၊ တိုင်း လက်ဝှေ့ပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့သူဖြစ်ပြီး ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများစွာ သမ္မာရှိထားသောသူဖြစ်သည်။ အရှောင်အတိမ်းအဆုတ်အတက် သွက်လက်လျင်မြန်ခြင်းကြောင့် ကျော်ဆန်းကို အဖမ်းရခက်သည်ဟု ဆိုကြသည်။ လက်သီးကို မကြောက်ဘဲ ရဲရဲတိုးဝင်ဖမ်းချုပ်တတ်သည့် မိုက်ခဲနှင့်အရွေ့အပြောင်းဖြင့် လက်သီးကောင်းသော ကျော်ဆန်းတို့ပွဲက ဝါသနာရှင်များအကြိုက် တွေ့မည်မှာ သေချာလှသည်။

၎င်းဝိတ်တန်း၌ပင် ဒေါနပန်း (ကျွဲမင်း) နှင့် ဘိလပ်မြေမောင်မောင် (ဘိလပ်မြေစက်ရုံ) တို့ မရှောင်သာရင်ဆိုင်တွေ့ကြသည့်ပွဲကလည်း မည်သူဗိုလ်လုပွဲတက်မည်ဆိုသည်က ပဟေဠိဆန်လွန်းလှသည်။ လက်ဝှေ့သမ္မာအရ ဒေါနပန်းက အစ်ကိုကြီးနေရာမှာ ရှိနေသည်။ ဘိလပ်မြေ မောင်မောင်ကလည်း ငယ်သာငယ်အစွယ်ထက်သူဖြစ်သည်။ သတ်လုံးသတ်ပေါက် စုံလင်သူဖြစ်ရာ သူ့သတ်ကွက်ကို ခန့်မှန်းရခက်လှသည်။ သင်္ကြန်အကြို တွံတေးပွဲ၌ ဝင်းထွန်းကိုသရေကျအောင် ထိုးသွားသည့် ဒေါနပန်းက ယခုပွဲမှာ ဘိလပ်မြေမောင်မောင်ကို ကျော်ဖြတ်နိုင်ရေးက သူ့ဂုဏ်သိက္ခာနှင့်လည်း သက်ဆိုင်နေသည့်အတွက် မျက်လုံးဒေါက်ထောက်ကြည့်ရမည့်ပွဲဖြစ်သည်။

၆၀–ကီလို လိုက်ဝိတ်တန်းတွင် ကွာတား၌ သမိန်ရာဇာ(မလှိုင်)အားကြောင်က ကြွက်ကိုကစားသကဲ့သို့ ပါးနပ်လိမ္မာသည့် သမ္မာတိုက်ကွက်များဖြင့် အနိုင်ယူခဲ့သူ စောသဲမျိုး (KLN) နှင့်ဆိုင်ရသောကြောင့်ဆီမီးကထိုင်စောင့်နေသည့် စောလူမင်း(တောင်ကလေး) တို့ပွဲကို အားထားစောင့်ကြည့်ရမည်ဖြစ်ပြီး ဝင်းထွန်း (လယ်/ဆည်)နှင့် ဟိန်းညီညီ (အလင်းရောင်)တို့ပွဲမှာ ဝင်းထွန်းအတွက် ဗိုလ်လုပွဲတက်ရန် သေချာနေပြီဟုပင် ဆိုရမည်။

၆၃ဒသမ၅ကီလို လိုက်ဝယ်လ်တာ ဝိတ်တန်း၌ စောဝီလျံသိန်း(မရမ်းကုန်း) နှင့်နဂါးလေး (မြွေဟောက်မင်း)တို့ပွဲကလည်း အသည်းချင်းပေါက်ရမည့်အနေအထားဖြစ်သည်။ ကွာတားပွဲ ဝိတ်တန်းနှစ်ခုတွင် မြွေဟောက်နှစ်ကောင် (စောအုန်းမြင့်နှင့် ရွှေနိုင်ထွန်း)တို့ အဆိပ်မဲ့သွားသည်ကို သိက္ခာဆည်ရမည့် နဂါးလေးက အမောက်ထောင်ပြရုံမကဘဲ အစွယ်ပါထုတ်ပြ၍ ရှိသမျှအဆိပ်ဖြင့်ဝီလျံသိန်းကို လှဲသိပ်ဖို့ ကြိုးစားပေလိမ့်မည်။ ဝီလျံသိန်းကလည်း နင်မလဲငါလဲတိုက်ကွက်များဖြင့် နောက်ဆုံးစက္ကန့်အထိ လိုက်ဖိတတ်ခြင်းကြောင့် အသေအချာစောင့်ကြည့်ရမည့် ပွဲ ဖြစ်သည်။

၎င်းဝိတ်တန်း၌ပင် စောဇွဲလေး (KLN)နှင့် ကြယ်လင်းအောင် (တောင်ကလေး)တို့ပွဲ က ထိုနေ့၏ အဓိကပွဲဟုပင် ဆိုနိုင်ပေလိမ့်မည်။ ဂျပန်ပြည်အထိ လူသိများခဲ့သော စောဇွဲလေးလက်သီး မြန်သကဲ့သို့ ပြင်းထန်သော ထိုးချက်ရှိသည်။ အခွင့်အရေးရလျှင် နောက်မဆုတ်တမ်း ဝင်လေ့ရှိသည့်အတွက် ၎င်း၏ပြိုင်ဘက်များမှာ အချီမစေ့ခင် စင်ပေါ်မှဆင်းသွားရလေ့ရှိသည်။ ကြယ်လင်းအောင်ကလည်း မာရေကျောရေရှိသည့်နေရာတွင် နာမည်ကျော်သည်။ မြိုင်ကြီးငူပွဲတွင်မွေထိုင်းလက်ဝှေ့သမား ကွန်စစ်ဖုံး၏ ထိုးချက်ကန်ချက်များကို တစ်ချက်မမဲ့ဘဲ ရဲရဲကြီးတိုးဝင်ဖမ်းချုပ်၍ ဒူးဖြင့်ဒုက္ခပေးခဲ့သည့်အတွက်ကွန်စစ်ဖုံး ရှုံးသွားခဲ့သည်။ ယနေ့ရိုးရာလက်ဝှေ့လောကတွင်ထိုးလုံးသတ်ကွက် ကောင်းလှသည်ဆိုသော ဝင်းထွန်းအား မွန်ပြည်နယ် သောင်ပြင်ကျေးရွာပွဲ၌ အနိုင်ယူခဲ့ဖူးသူမို့ သူတို့နှစ်ယောက် တွေ့ကြမည့်ပွဲ က အထူးစိန်ခေါ်ပွဲဟု သတ်မှတ်၍ရနိုင်သည်။

ဆီမီးဖိုင်နယ်က ပွဲကောင်းတွေများလွန်းလှသည်။ ၆၇ကီလို ဝယ်လ်တာဝိတ်တန်းတွင် စောဇော်လွင် (KLN) ကို အကွဲထိုးပြီးတက်လာသည့် ရန်ကြီးအောင်(အလင်းရောင်)နှင့် မျိုးဆက်သစ်(လယ်/ဆည်)အား ခြွင်းချက်မရှိ အလဲထိုးတက်လာသည့် ထွန်းထွန်း (၉၀၇–ဒေါနခြေလှမ်းသစ်) တို့ ပွဲ၊ ကောင်းစံ (ရွှေဒေါပုံ)ကို ဘယ်ဒူးခုန်ဝင်ကာပွဲသိမ်းခဲ့သော သူရရဲအောင် (မြန်မာပြည်သား) နှင့် အာကာဟိန်း (အလင်းရောင်) အား အမှတ်စဉ်လေးကြိမ်ရေရသည်အထိ ဖိစီးထိုးသတ်လာခဲ့သော တာတိုးဝါး (ဘိလပ်မြေစက်ရုံ) တို့ ပွဲများအပြင် ၇၅ကီလို မစ်ဒယ်ဝိတ်တန်း၌ စောသဲအေး (တွံတေး)နှင့် ဘိလပ်မြေစတား(ဘိလပ်မြေစက်ရုံ)၊ စိန်သံမဏိ(အလင်းရောင်) နှင့် ဇာနည်ဆင်ရိုင်း(တောင်ကလေး) တို့ပွဲ များက ဝိတ်တန်းကြီးလာသည်နှင့်အမျှ ပညာလည်းစုံနေကြသူများဖြစ်ရာ ဝါသနာရှင်များအတွက် ယခုကဲ့သို့ ခါးပတ်လုပွဲ၌သာ တစုတစည်းတည်း ကြည့်ရှုခွင့်ရမည့်ပွဲများဖြစ်သည်။

လိုက်ဖလိုင်းဝိတ်တန်း၌ နေစိုးအောင်(တောင်ကလေး) နှင့် နိုင်ဝင်း (ဘိလပ်မြေစက်ရုံ)၊စောသဲဝေ (တွံတေး) နှင့် မိုးသီး(မြန်မာပြည်သား) ဖလိုင်းဝိတ်တန်း၌ အောင်မြင့်စိန် (တွံတေး) နှင့် ရွှေကျည်ဆန် (ဘိလပ်မြေစက်ရုံ) ထစ်ချုန်း (KLN) နှင့် ဇာမဏီမင်း(မြွေဟောက်မင်း)တို့ကလည်း အကောင်သာငယ်သော်လည်း အစွယ်ထက်ကြသူများမို့ လျှော့တွက်၍မရကြောင်း တင်ပြလိုက်ရပါသည်။ ။

လိုက်ဝယ်လ်တာဝိတ်တန်း ဆီမီးဖိုင်နယ်တွင် စောဇွဲလေးနှင့် ယှဉ်ပြိုင်မည့် ကြယ်လင်းအောင် (တောင်ကလေး)။

လိုက်ဝယ်လ်တာဝိတ်တန်း ဆီမီးဖိုင်နယ်တွင် ကြယ်လင်းအောင်နှင့် ယှဉ်ပြိုင်မည့် စောဇွဲလေး (KLN)။

လိုက်ဝယ်လ်တာဝိတ် တန်းတွင် နဂါးလေး (မြွေဟောက်မင်း)နှင့် ယှဉ်ပြိုင်မည့် စောဝီလျံသိန်း။



လိုက်ဝိတ်တန်းတွင် သမိန်ရာဇာအား အလဲထိုးကာ ဆီမီးဖိုင်နယ်သို့ တက်လာသော ရွှေခါးပတ်ချန်ပီယံဟောင်း စောသဲမျိုး (KLN)။

တိုက်စစ်မှူး အလန်ရှီးယား နယူးကာဆယ်ဘောလုံးသမားဘဝမှ အနားယူ

ကြေးမုံ The Mirror
ပြည်ပအားကစား သတင်းများ

နယူးကာဆယ် မေ ၁၂

နယူးကာဆယ်ယူနိုက်တက်အသင်းခေါင်းဆောင် အလန်ရှီးယားသည် ၎င်းအားဂုဏ်ပြုနှုတ်ဆက်သည့် ဘောလုံးပွဲတွင် အနိုင်ဂိုးတစ်ဂိုးကိုသွင်းယူခြင်းဖြင့် ၎င်း၏ကလပ်အသင်း ဘောလုံးသမားဘဝကို ကြာသပတေးနေ့တွင် ပြည်ဖုံးကားချလိုက်ပြီဖြစ်သည်။

ဂိုးသွင်းမှုတွင် စံချိန်ရှင်တစ်ဦးဖြစ်သည့် အလန်ရှီးယားသည်နယူးကာဆယ်ယူနိုက်တက်အသင်းတွင် ၁၀နှစ်ကြာမျှ ပါဝင်ကစားခဲ့ပြီးနောက် ကလပ်အသင်းဘောလုံးလောကမှ အနားယူတော့မည်ဖြစ်သည်။

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း အလန်ရှီးယားသည် ဒူးခေါင်းထိခိုက်ဒဏ်ရာရရှိခဲ့မှုကြောင့် ကနဦးစီစဉ်ခဲ့သည်ထက် ပိုမိုစောစီးစွာဖြင့် ဘောလုံးလောကမှ အနားယူမည်ဖြစ်ကြောင်းဧပြီလအတွင်း အတည်ပြုပြောကြားခဲ့သည်။

အသက်၃၅နှစ်အရွယ်ရှိ အလန်ရှီးယားသည် ၁၀နှစ်တာကာလအတွင်း ပွဲပေါင်း ၇၃၃ပွဲ ကစားခဲ့ရာတွင် အင်္ဂလန်အသင်းအတွက် ၆၃ ဂိုး၊ ပြည်တွင်းပြိုင်ပွဲများတွင် ၃၇၉ ဂိုး သွင်းယူခဲ့သူဖြစ်သည်။

နယူးကာဆယ်ယူနိုက်တက် တိုက်စစ်မှူး အလန်ရှီးယား၏အသင်းသည် စကော့တလန် ပရီမီယာလိဂ် ချန်ပီယံဆဲလ်တစ်အသင်းနှင့် စိန့်ဂျိမ်းပါ့ခ်ကွင်းတွင် ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားရာတွင် သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလန်ရှီးယားသည် လွန်ခဲ့သည့် ရက်သတ္တသုံးပတ်က ဒူးခေါင်း ဒဏ်ရာရရှိမှုကြောင့် ၎င်းအား ဂုဏ်ပြုသည့် နှုတ်ဆက်ပွဲတွင် ဟန်ပြသဘောသာ ပါဝင်ကစားနိုင်ခဲ့သည်။ သို့ရာတွင် နောက်ဆုံးအကြိမ် ဂိုးသွင်းခွင့်ရရှိခဲ့သည်။

အလန်ရှီးယားသည် ၁၉၉၆ခုနှစ် ဇူလိုင်လတွင် ဘလက်ဘန်းအသင်းမှ နယူးကာဆယ်ယူနိုက်တက်အသင်းသို့ အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ ၁၅ သန်းဖြင့် ရောက်ရှိလာခဲ့သည်။ ယင်းငွေကြေးပမာဏမှာ ထိုစဉ်က ကမ္ဘာ့စံချိန်တင် အသင်းပြောင်းရွှေ့ကြေးပင်ဖြစ်သည်။

အလန်ရှီးယားသည် ဧပြီ ၁၇ ရက်က ဆန်ဒါးလန်းအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ်အတွင်း ဒူးခေါင်းဒဏ်ရာရရှိခဲ့သည်။ မြို့ခံပြိုင်ဘက်အချင်းချင်း ယှဉ်ပြိုင်သည့် ယင်းပွဲတွင် နယူးကာဆယ်အသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာတွင် အလန်ရှီးယား၏ ဂိုးလည်းပါဝင်သည်။

အလန်ရှီးယားသည် နယူးကာဆယ်အသင်းအတွက် ၂၀၆ ဂိုးအထိ စံချိန်တင်သွင်းယူခဲ့သည်။ **အင်တာနက်။**



ဂိုးသွင်းစံချိန်တင်ခဲ့သူ တိုက်စစ်မှူး အလန်ရှီးယား။

ညောင်ရေသွန်းလောင်း

သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၁၁ရက်ကကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)နှင့် အဖွဲ့ဝင်များ စေတီတော်ရင်ပြင်ရှိ ဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းစဉ်။ (၅၂၇)

ကမ်းလွန်ပင်လယ်ပြင်တိုင်းတာရေး ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် မေ ၁၂

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တိုတယ်မြန်မာရေနံကုမ္ပဏီတို့ပူးပေါင်းလျက် GIAC (Geodynamics of India Asia Collision) ကို လေ့လာလျက်ရှိပြီး ဘူမိသိပ္ပံလေ့လာတိုင်းတာရေးသင်္ဘော R.V Marion Dufresne ဖြင့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ တိုင်းတာလေ့လာမှုများကို ရခိုင်ကမ်းလွန်ပင်လယ်ပြင်တိုင်းတာရေး လုပ်ကွက်အမှတ်(၁)နှင့် မုတ္တမကမ်းလွန်ပင်လယ်ပြင် တိုင်းတာရေးလုပ်ကွက်အမှတ်(၂)တို့၌ မေ ၁၅ ရက်မှ ၃၀ ရက်ခန့် အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဘူမိသိပ္ပံပညာရပ်ဆိုင်ရာတိုင်းတာလေ့လာမှုများ ဆောင်ရွက်မည့်ဧရိယာတည်နေရာများမှာ ရခိုင် ကမ်းလွန်လုပ်ကွက်အမှတ်(၁)တွင် Point-A မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၇မိနစ် ၁၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ဒီဂရီ ၂၂မိနစ် ၂၆စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၇မိနစ် ၁၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၅၇မိနစ် ၃၇စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၆ဒီဂရီ ၄၇မိနစ် ၁၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၀၆မိနစ် ၁၆စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၅မိနစ် ၅၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ဒီဂရီ ၁၁မိနစ် ၂၉စက္ကန့်နှင့် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ်(၂)တွင် Point-E မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၅၂မိနစ် ၂၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၄၄မိနစ် ၃၆စက္ကန့်၊ Point-F မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၅၂မိနစ် ၂၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၂၅မိနစ် ၃၂စက္ကန့်၊ Point-G မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၅၁မိနစ် ၂၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၂၅မိနစ် ၃၂စက္ကန့်၊ Point-H မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၅၁မိနစ် ၂၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၄၄မိနစ် ၃၆စက္ကန့်တို့အတွင်း၌ ဖြစ်သည်။

ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ တိုင်းတာလေ့လာမှုများကို ဘူမိသိပ္ပံလေ့လာရေးသင်္ဘော RV Marion Dufresneဖြင့် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများမပြုလုပ်ကြရန် အသိပေးကြေညာထားသည်။

(သတင်းစဉ်)

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

ဆွဲဆောင်မှု အရှိဆုံး အင်ဂိုလာ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

အုပ်စု (ဃ)တွင် ပေါ်တူဂီနှင့် မက္ကဆီကိုတို့၏ ဂျာမနီအိပ်မက်များကို အချိန်မရွေး ပျက်ပြယ်သွားအောင် လုပ်နိုင်စွမ်းအရှိဆုံး အသင်းမှာ အင်ဂိုလာဖြစ်သည်။ အင်ဂိုလာသည် အာဖရိကဇုန်မှ ခြေစစ်ပွဲအောင်လာသည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အဖွင့်ပွဲတွင် အာဖရိကမှ ဆီနီဂေါ အသင်းသည် နာမည်ကြီး ပြင်သစ်ကို အနိုင်ယူကာ ကမ္ဘာ့ဘောလုံးဝါသနာအိုးများကို တအံ့တသြဖြစ်အောင်လုပ်ပြခဲ့ဖူးသည်။ အင်ဂိုလာအသင်းသည်လည်း ပေါ်တူဂီကို ဆီနီဂေါပြုလုပ်သလိုမျိုး ပြုလုပ်သွားနိုင်သည်ဟု ယူဆရသည်။

အင်ဂိုလာအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ရောက်ရှိလာအောင်

အင်ဂိုလာအသင်း၏ နည်းပြဆရာ လူးဝစ္စအိုလီဗီရာဂွန်ကာလ်ဗက်စ်အား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နှစ်ပေါင်း ၂၀ ကျော် ကြိုးပမ်းအားထုတ်ခဲ့ရသည်။ ၁၉၈၄ ခုနှစ်တွင် အင်ဂိုလာအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ခွင့်ရအောင် စတင်ကြိုးပမ်းခဲ့သည်။ ၁၉၈၆ ခုနှစ် မက္ကဆီကို ကမ္ဘာ့ဖလားပြိုင်ပွဲကတည်းက အင်ဂိုလာသည် နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ရောက်ရှိအောင် ခြောက်ကြိမ်တိတိ အားထုတ်လာသည်။ ယခုတစ်ကြိမ်မှ ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

အင်ဂိုလာသည် ပွဲဦးထွက်ပွဲအဖြစ် ပေါ်တူဂီအသင်းနှင့် ကစားရမည်။ ၎င်းပွဲကစားရန်အတွက် အင်ဂိုလာအသင်းသားများသည် စိတ်အားထက်သန်လျက်ရှိနေကြသည်။ အတိတ်မှ ဘောလုံးအကြွေးကို ပေးဆပ်ရန် ပြင်ဆင်ထားသည်။ ၁၉၈၉ ခုနှစ်တွင် လစ္စဘွန်းမြို့၌ ပေါ်တူဂီအသင်းနှင့်ကစားရာ ၆-၀ ဂိုးမရှိဖြင့် ရှုံးသည်။ ၂၀၀၁ ခုနှစ်တွင် နောက်ထပ်တစ်ကြိမ် ထပ်မံတွေ့ဆုံသည်။ ၅-၁ ဖြင့် ရှုံးပြီးကစားသမား လေးယောက်အထုတ်ခံရသည်။

အာဖရိကဇုန် အုပ်စု (၄)မှ အင်ဂိုလာအသင်းသည် ခြေစစ်ပွဲကို နှာတစ်ဖျားဖြင့် အောင်ခဲ့သည်။ အာဖရိက၏ ဘောလုံးအင်အားကြီးနိုင်ငံဖြစ်သော နိုင်ဂျီးရီးယားနှင့် အမှတ်တူဖြစ်နေခဲ့သေးသည်။ နှစ်သင်း ဆုံတွေ့စဉ်က အသာရသည့် ရလဒ်ပေါ်မူတည်ပြီး အင်ဂိုလာ ခြေစစ်ပွဲအောင်လာသည်။ အင်ဂိုလာသည် အကြမ်းပတမ်းခံနိုင်သည်။ အသင်းပေါ်ထားရှိသော စိတ်ဓာတ်မှာ ပြင်းထန်လွန်းသည်။ နည်းပြဆရာ ပါမောက္ခ လူးဝစ္စအိုလီဗီရာဂွန်ကာလ်ဗက်စ်၏ စွမ်းရည်များနှင့် ပေါင်းစပ်ပေးလိုက်သောကြောင့် အင်ဂိုလာသည် ခြေစစ်ပွဲအောင်လာသည်။

ပြီးခဲ့သည့် နိုဝင်ဘာလက ဂျပန်နိုင်ငံအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲကစားရာတွင် အင်ဂိုလာအသင်း၌ ပါဝင်ကစားသူ အက်ဒ်ဆင် (အလယ်)အား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဂိုလာ၏ ခြေစစ်ပွဲ အစသည် စိတ်ပျက်စရာကောင်းသည်။ ချတ်ဒ်အသင်းကို ၃-၁ ဖြင့် ရှုံးသည်။ အကြီးအကျယ် တုန်လှုပ်သွားကြသည်။ ဘရာဇီး နည်းပြဆရာ အစ္စမေးလ်ကာ့ဇ်ကို ထုတ်ပစ်လိုက်သည်။ ပါမောက္ခ ဂွန်ကာလ်ဗက်စ်ဖြင့် အစားထိုးသည်။ နည်းပြသစ်နှင့်အတူ ချတ်ဒ်ကို ဒုတိယအကြိမ် ထပ်မံရင်ဆိုင်သည်။ ၂-၀ ဖြင့် နိုင်သည်။ ယင်းကဲ့သို့ အနိုင်ရလိုက်သောကြောင့် အင်ဂိုလာသည် အာဖရိက ဇုန်(၄)တွင် ဝင်ရောက်ကစားခွင့်ရသည်။ အင်ဂိုလာနှင့်အတူ နိုင်ဂျီးရီးယား၊ အယ်လ်ဂျီးရီးယား၊ ဂါဘွန်၊ ဇင်ဘာဘွေ၊ ရဝမ်ဒါ စသည်တို့ ပါဝင်သည်။

အင်ဂိုလာသည် နှစ်ပေါင်းတော်တော်ကြာ ပေါ်တူဂီနိုင်ငံသို့ ဘောလုံးသမားကောင်းများပေးပို့သည်။ ၁၉၃၀ ပြည့်လွန်နှစ်များက ဘင်ဖီကာမှ အက်ပီရီတို ဆန်တို့စ်၊ စပို့တင်းလစ္စဘွန်းမှ

ဂမ်ဆိုင်း

ပေရိတိုအိုတို့သည် ပေါ်တူဂီတွင် သွားရောက် ကစားခဲ့ကြသည်။ ထိုနောက် ဟိုဆေးအက်ဂူအက်စ်၊ ဂျက်ဆင်တို ဂျိုအေအို၊ ဒဲနစ်နှင့် ဂျော်ဒါအို စသော ကစားသမားများလည်း သွားရောက် ကစားသည်။

ယနေ့တိုင် အင်ဂိုလာ၏ ဘောလုံးလောကသည် ပေါ်တူဂီနှင့် ရောယှက်နေဆဲဖြစ်သည်။ ဘောလုံးသမားအများစုသည် ပေါ်တူဂီလိဂ်တွင် ပါဝင်ကစားနေကြသည်။ အခြားသော ကစားသမားများသည်လည်း ဥရောပအသင်းများတွင် အခြေချရန် ကြိုးပမ်းအားထုတ်ကြသည်။ လက်ရှိလက်ရွေးစင် အသင်းမှ ကစားသမားအချို့သည် အင်ဂိုလာတွင် မွေးဖွားပြီး ငယ်ငယ်ကတည်းက ပေါ်တူဂီသို့ ထွက်ကစားနေသူများဖြစ်သည်။ ဥပမာ ကွင်းလယ်ကစားသမားများဖြစ်သော ဖရက်ဒ်ဒီနှင့် ဖီဂူအီရစ်ဒိုဖြစ်ကြသည်။

ခြေစစ်ပွဲအောင်ပြီးနောက် နည်းပြဆရာသည် ပိုမိုတိုးတက်လာအောင် လေ့ကျင့်ပေးလျက်ရှိသည်။ အတွေ့အကြုံနည်းနေသေးသော ကွင်းလယ်ကစားသမား အက်ဒီဆင်ကို တိုးတက်လာအောင်ကြပ်ကြပ်မတ်မတ် လေ့ကျင့်ပေးသည်။

အသင်း၏ အဓိက ကစားသမားမှာ အသင်းခေါင်းဆောင် အက္ကဝါဖြစ်သည်။ သူနှင့် တွဲဖက်ကစားကြမည့် ဖလက်ဗီအို၊ လပ်ဗ် သို့မဟုတ် မန်တောရက်စ်သည် ခြေစွမ်းထက်သူများဖြစ်သည်။ တိုက်စစ်နည်းဗျူဟာကို အသုံးပြုရာတွင် ဘယ်တောင်ပံ ဂိုးလ်ဘာတိုဆီမှ ထွက်လာသော ဘောလုံးများဖြင့် တိုက်စစ်ဆင်ကစားလေ့ရှိသည်။

အင်ဂိုလာအသင်းမှ ကစားသမားအများစုသည် ပေါ်တူဂီနှင့် အခြားဥရောပနိုင်ငံများတွင် အခြေချ ကစားနေသူများဖြစ်ရာ ဥရောပ အတွေ့အကြုံရှိသူများဖြစ်သည်။ အာဖရိကသားများသည် ဥရောပသားများ မတွေးမိသောရှုထောင့်မှ မထင်မှတ်သည်များ လုပ်ပြတတ်သော ပင်ကိုအစွမ်းအစရှိသူများဖြစ်သည်။ ဘောလုံးမီဒီယာများ၏ ကောင်းမှုကြောင့် အုပ်စု(ဃ)မှ ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲသို့ တက်ရောက်နိုင်သည်ဟု ဦးနှောက်ထဲတွင်စွဲနေသော မက္ကဆီကိုနှင့် ပေါ်တူဂီတို့ကို ဖြစ်သွားအောင် ပြုလုပ်နိုင်စွမ်းရှိသောအသင်းမှာ အင်ဂိုလာအသင်းဖြစ်သည်။ ။

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံသူနာပြုအသင်းက ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပေးပို့သော အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် Mo Asia Co., Ltd. (DUMEX) က ငွေကျပ်နှစ်သိန်းနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီး အထက်တန်း သူနာပြုဆရာမ ဒေါ်မြကြွယ်က ငွေကျပ်နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ သူနာပြုအသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမင်းသာရှိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror ပြည်သူ့ထံမှပေးစာ

ရေစီးရေလာကောင်းမွန်ရေး စီစဉ်ပေးပါ

စာတည်းခင်ဗျား-

ရွှေတောင်မြို့၊ ကြာနီကန်ရပ်ကွက်၊ တည်ကုန်းတောင်ပိုင်း၊ ဟသ်ာဆန်စက်ကြီးရှေ့ရှိ ခုံးတံတားပြွန်ပေါက်ထဲတွင် ရွှံ့နွံများ ပိတ်ဆို့လျက်ရှိပြီး ခုံးတံတား၏ အရှေ့ဘက်ထိပ်ဝနှင့် အနောက်ဘက် ထိပ်ဝများတွင်လည်း မြေကြီးများ ပိတ်လျက်ရှိနေပါသည်။ ခုံးတံတားထိပ်နှစ်ပေါက်ရှိ မြေကြီးများကို တစ်ဖက်လျှင် ပေ ၂၀ ကျော်စီ ကိုယ့်အားကိုယ်ကိုး တူးဖော်ပြီးစီးနေသော်လည်း ပြွန်ဝမပေါ်သေးဘဲ ရေများတန့်နေပါသည်။

သို့ဖြစ်ပါ၍ ရေစီးရေလာ ကောင်းမွန်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရွှေတောင်သား

လမ်းပေါ်မှ ပန်းအိုးများ ဖယ်ရှားပေးစေလို

စာတည်းရှင့်-

ဖျာပုံမြို့ ဒုတိယလမ်းတစ်လျှောက်ရှိ လူသွားစင်္ကြံပေါ်တွင် အလှပန်းအိုးများကို အခိုင်အမာပြုလုပ်ထားရှိခြင်းကြောင့် လမ်းသွားလမ်းလာများ သွားလာရေး အနှောင့်အယှက်ဖြစ်လျက်ရှိပါသည်။ လမ်းဘေးသို့ ဆင်းလျှောက်ပါကလည်း ယာဉ်အန္တရာယ်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ စင်္ကြံပေါ်မှ ပန်းအိုးများအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဖျာပုံသူ

စင်္ကြံပေါ်မှ ယာဉ်များ ရှင်းလင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် ဗညားဒလလမ်းပေါ် သီတာလမ်းကားမှတ်တိုင်နှင့် အောင်မင်္ဂလာကားမှတ်တိုင်ကြား ဘုရင့်နောင်ရုပ်ရှင်ရုံအနီး လူသွားစင်္ကြံပေါ်တွင် ကားများကို နေ့ရောညပါ ရပ်ထားကြ၍ လမ်းသွားလမ်းလာများမှာ ကားလမ်းပေါ်မှသာ သွားလာနေကြရပါသဖြင့် ယာဉ်အန္တရာယ် စိုးရိမ်နေရပါသည်။

သို့ဖြစ်ပါ၍ လူသွားစင်္ကြံပေါ်တွင် ရပ်ထားသောယာဉ်များအား စည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ယာဉ်အန္တရာယ်ကင်းလိုသူ**

စည်းကမ်းနှင့်အညီ ဈေးရောင်းချရေး ကြပ်မတ်ပေးသင့်

စာတည်းခင်ဗျား-

မန္တလေးမြို့ အဆင့်မြင့် ဈေးချိုတော်အောက်ထပ်ရှိ ဆိုင်ခန်းများသည် သတ်မှတ်သည့် နေရာထက်ပို၍ ခင်းကျင်း ရောင်းချနေသောကြောင့် လူသွားလမ်း အလွန်ကျဉ်းပြီး ဈေးဝယ်သူများသွားလာရာတွင် အခက်အခဲဖြစ်နေပါသည်။

ဈေးဝယ်သူများမှာ ပစ္စည်းအထုပ်အပိုးများနှင့် မလွတ်မကင်း သွားလာနေရ၍ မတော်တဆ ထိခိုက်မိပါက ဆိုင်ရှင်များ၏ မချေမငံ ပြောဆိုမှုများကို ခံကြရပါသည်။

သို့ဖြစ်ပါ၍ ဈေးဝယ်သူများ စိတ်ချမ်းသာစွာ သွားလာဝယ်ယူနိုင်ရေးအတွက်လူသွားလမ်းပေါ်အထိခင်းကျင်းရောင်းချနေသူများအား စည်းကမ်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးဝယ်သူတစ်ဦး

ဝက်မွေးမြူမှု ဖယ်ရှားရှင်းလင်းပြီး

၈-၄-၂၀၀၆ရက်နေ့ ထုတ်ကြေးမုံသတင်းစာပါ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် (၇)လမ်းရှိ "ဝက်မွေးမြူမှုကြပ်မတ်ပေးပါ" ပေးစာနှင့်စပ်လျဉ်း၍ ဖယ်ရှားရှင်းလင်းပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ဖွဲ့မီးနှင့်ပြာများကျရောက်မှု ကြပ်မတ်ပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း၊ လှိုင်သာယာဆိပ်ကမ်းစက်မှုဇုန် အပိုင်း(၇) ရန်ကြီးအောင်လမ်းတွင် တည်ရှိသော အရက်ချက်စက်ရုံတွင် စပါးခွံများကို လောင်စာအဖြစ်အသုံးပြုမှုကြောင့် စက်ရုံမီးခိုးခေါင်းတိုင်မှ ဖွဲ့မီးများနှင့် ဖွဲ့ပြာများ ပတ်ဝန်းကျင်အနှံ့သို့ ပျံ့လွင့်နေပါသည်။ ပတ်ဝန်းကျင်နေပြည်သူများ၏ သောက်ရေသုံးရေများ၊အစားအသောက်များအပေါ် စပါးခွံဖွဲ့ပြာများ နေ့စဉ်ကျရောက်လျက်ရှိရာ ပတ်ဝန်းကျင်ရှိ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

အဆိုပါစက်ရုံမှ စပါးခွံဖွဲ့မီးနှင့် ဖွဲ့ပြာ များမကျရောက်စေရေးအတွက် စိစစ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရန်ကြီးအောင်လမ်းသား

ကူးတို့ကူးခ သတ်မှတ်နှုန်းဖြင့် ကောက်ခံသင့်

စာတည်းခင်ဗျား-

ကဝမြို့နယ် ကဝ-ထုံးကြီးကူးတို့ကူးခကို လူတစ်ဦးလျှင် ကျပ်၄၀ နှုန်းသတ်မှတ်ထားပါသည်။ ယခုအခါလူတစ်ဦး ကျပ် ၅၀နှုန်း ကောက်ခံနေပါသည်။ ညနေ ၅နာရီထိုးလျှင် ကျပ် ၁၀၀ကောက်ခံပါသည်။ ကုန်ပစ္စည်းတင်ခကိုလည်းအဆမတန် ကောက်ယူပြီး ဆိုင်ကယ်တစ်စီးလျှင် ကျပ် ၇၀၀ ကောက်ခံနေပါသည်။ သို့ဖြစ်ပါ၍ သတ်မှတ်နှုန်းထားနှင့်အညီကောက်ခံစေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသွားတစ်ဦး**

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၁၂

မန္တလေးတိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို မေလ ၈ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းနှင့် ခရိုင်နှင့် မြို့နယ်များမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး လူမှုထူးချွန်ဆုရရှိသူများအား တိုင်းမှူးနှင့် ဇနီးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် နှစ်သိန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် တစ်သိန်း၊ မန္တလေးခရိုင် ခုနစ်မြို့နယ်က ငွေကျပ် ၆၇၀၀၀၀၊ ဦးစိုးဝင်းအောင် စိန်ပွင့်အင်တာပရိုက်ကုမ္ပဏီလီမိတက်မှ ငွေကျပ်နှစ်သိန်း၊ စာမျက်နှာ ၉ ကော်လံ ၆ သို့ ❒

လူတိုင်း အသက် ၄၀ ကျော်လာလျှင် သွေးပေါင်မှန်မှန်ချိန် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှု ပြုကျင့်

“သွေးတိုးရောဂါကို အသံတိတ်လူသတ်သမားလို့ ကင်ပွန်းတပ်ကြပါတယ်”

ဒေါက်တာဒေါ်ခင်မေစန်း

(နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်မန်နေဂျာ)

ဓာတ်ပုံ–ငွေအောင်(ကြေးမုံ)

တွေ့ဆုံမေးမြန်း–ဇော်ဝင်း(ကြေးမုံ)၊ ဓာတ်ပုံ–ငွေအောင်(ကြေးမုံ)

ရန်ကုန် မေ ၁၂

ယနေ့ ကမ္ဘာ့လူသားတို့ကို စွဲကပ်ခြိမ်းခြောက်၍ အန္တရာယ်ပြုနေသည့် အဆုတ်တီဘီရောဂါ၊ ကင်ဆာရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ AIDS ၊ ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျား စသော ကပ်ရောဂါ အသွင်ဆောင် ရောဂါဆိုးကြီးများကို ထိရောက်စွာ ကာကွယ်ကုသနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ရေး၊ ကုသရေးနှင့် အသိပညာပေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးပြီးနိုင်ငံများရော ဖွံ့ဖြိုးဆဲနိုင်ငံများပါ ရင်ဆိုင်နေရသော ကျန်းမာရေးပြဿနာတစ်ရပ်မှာ သွေးတိုးရောဂါဖြစ်သည်။ ကမ္ဘာ့ လူဦးရေ၏ ၁ ဒသမ ၅ ဘီလီယံသည် သွေးတိုးရောဂါ ခံစားနေရလျက် ရှိကြသည်။ နိုင်ငံအချို့တွင်မူ အသက်(၆၀)ကျော် လူဦးရေ ၅၀ ရာခိုင်နှုန်းထက် မနည်းသည် သွေးတိုးရောဂါ ဖြစ်ပွားနေကြသည်။ ထို့အပြင် ယင်းသွေးတိုးရောဂါဝေဒနာသည်များ၏ သုံးပုံတစ်ပုံသာ ဆေးကုသမှုခံယူနိုင်ပြီး ၎င်းအနက်မှ ထိရောက်စွာ ကုသမှု ခံယူနေသူများမှာ ၁၂ ရာခိုင်နှုန်း မျှသာရှိကြောင်း သိရပါသည်။

သုတေသန စစ်တမ်းများအရ မြန်မာနိုင်ငံတွင် သွေးတိုးရောဂါ စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲

သွေးတိုးရောဂါ ကာကွယ်ပါ

- ❒ ကိုယ်အလေးချိန် လျှော့ချပါ။
- ❒ အဝမလွန်အောင် အဆီ၊ အဆိမ့်နှင့် အချိုလျှော့စားပါ။
- ❒ သင့်တော်သည့် လေ့ကျင့်ခန်း မှန်မှန်လုပ်ပါ။
- ❒ ဆားနှင့်အငန်ကို လျှော့စားပါ။
- ❒ ဆေးလိပ်နှင့်အရက် လုံးဝ မသောက်ပါနှင့်။
- ❒ သွေးပေါင်မှန်မှန်ချိန်ပါ။
- ❒ သွေးတိုးရှိက ဆရာဝန် ညွှန်ကြားသည့် ဆေးကို မှန်မှန်သောက်ပါ။

ပြည်သူလူထု၏ဆန္ဒကို လျစ်လျူရှုပြီး NLD ထိပ်ပိုင်း လူနည်းစုအချို့၏သဘောဖြင့်သာ အမျိုးသားညီလာခံမှထွက်ခွာခဲ့ နိုင်ငံတော်အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလမ်းကြောင်းကို ဦးတည်နေသည့်အတွက် ညောင်ရွှေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၂ ဦး NLD ပါတီမှ စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင်များဖြစ်ကြသော ဦးတင်မောင်ဝေ(ဥက္ကဋ္ဌ)၊ ဦးသန်းညွန့်(ဒုတိယဥက္ကဋ္ဌ)၊ ဦးဘဦး(ဒုတိယဥက္ကဋ္ဌ)၊ ဦးသန်းအောင်ခိုင်(အတွင်းရေးမှူး)၊ ဦးတင်အုန်း(တွဲဖက်အတွင်းရေးမှူး)၊ ဦးမောင်မောင်(ဘဏ္ဍာရေးမှူး)၊ ဦးဖြိုးသန်း(လူမှုအထောက်အကူပြု)၊ ဦးကျော်သန်း(လူငယ်ရေးရာအဖွဲ့ခေါင်းဆောင်)၊ ဦးမြင့်စိုး(မြို့နယ်စည်းရုံးရေးမှူး)၊ ဒေါ်ကြည်စန်း(မြို့နယ်စည်းရုံးရေးအဖွဲ့ဝင်)၊ ဒေါ်လှရွှေ (မြို့နယ်စည်းရုံးရေးအဖွဲ့ဝင်)နှင့် ဒေါ်မြသန်း(မြို့နယ်စည်းရုံးရေးအဖွဲ့ဝင်)တို့ ၁၂ ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို စုပေါင်းလက်မှတ်ရေးထိုးပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြကြောင်း သိရှိရသည်။

ညောင်ရွှေမြို့နယ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ မေ ၆ ရက်တွင် ပေးပို့ခဲ့သည့် နုတ်ထွက်လွှာ၌ ၎င်းတို့သည် ညောင်ရွှေမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သို့ ဝင်ရောက်ခဲ့ပြီး ပါတီနိုင်ငံရေးကို ရိုးသားသန့်ရှင်းစွာ ဆောင်ရွက်ရန်နှင့် ဒေသခံ ပြည်သူလူထု၏ အကျိုးစီးပွားကို ထိရောက်စွာ သယ်ပိုးဆောင်ရွက်ရန်ဆိုသည့် စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ဝယ်လ်တာဝိတ်တန်း အကြိုဗိုလ်လုပွဲတွင် ရန်ကြီးအောင်နှင့် ယှဉ်ပြိုင်မည့် ထွန်းထွန်း (၉၀၇–ဒေါနခြေလှမ်းသစ်)။

ပွဲသိမ်းလက်သီး ဒူးတံတောင် တွေ့မရှောင် ရင်ဆိုင်နွှဲမည့် ရွှေခါးပတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ

ထွန်းထွန်းနှင့် ယှဉ်ပြိုင်မည့် ရန်ကြီးအောင် (အလင်းရောင်)။

သတင်း–ဇင်လင်းထွန်း (ခနုဖြူ)

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် ကိုယ်အလေးချိန်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံ တံခွန်စိုက်ပြိုင်ပွဲကြီး (၂၀၀၆) အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို မေ ၁၃ ရက်(ယနေ့)နှင့် မေ ၁၄ ရက်တို့တွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ မွန်းလွဲ ၂ နာရီမှ စတင်ကာ ကျင်းပသွားမည်ဖြစ်သည်။

ကွာတားဖိုင်နယ် အဆင့်ပြိုင်ပွဲများကို မျက်မြင်ကိုယ်တွေ့ ကြည့်လိုက်ရသူတိုင်းက ပွဲကောင်းများဟု လက်ခံခဲ့ကြသည်ဖြစ်ရာ ဆီမီးဖိုင်နယ် ပြိုင်ပွဲများက ပို၍ပင် သာလွန်ကောင်းမွန်ပေလိမ့်မည်။ ဆီမီးဖိုင်နယ် အကြိုအဖြစ် တစေ့တစောင်း သုံးသပ်တင်ပြလိုပါသည်။

၅၄ ကီလို ဘင်တန်ဝိတ်တန်းတွင် ရွှေဖလား (KLN)ကို အနိုင်ယူတက်လာသည့် သားရွှေသွေး (တောင်ကလေး)နှင့် လက်သီးမောင်မောင် (မြားနက်)အား ပထမအချီမှာပင် ဒိုင်ပွဲရပ်ဖြင့် ကျော်ဖြတ်လာခဲ့သော အသဲစွဲ(ဘီလပ်မြေစက်ရုံ)တို့ပွဲက ဝါသနာရှင်များ ကြိုတင်အဖြေထုတ်ရန် ခက်ခဲသည့်ပွဲဖြစ်သည်။ စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●



အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် မေ ၁၂

၂၀၀၆ခုနှစ် မေ ၁၁ ရက်နေ့ မြန်မာစံတော်ချိန် ၂၃ နာရီ ၅၂ မိနစ် ၅၄ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်မြောက်ယွန်းယွန်း ၄၆၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ကလေးမြို့အနီး)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသည့် မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်သည်။ (သတင်းစဉ်)